# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။


**အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)


၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်၊ ကြာသပတေးနေ့။ Thursday, 25 April 2024 ၁၁၄၃၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. CHUM Angvichet အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဧပြီ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. CHUM Angvichet အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




ကြေးမုံ

# ပြည်တွင်းစားသုံးဆီဖူလုံရေးကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံတွင် ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်သည့် ပဲ၊ ပြောင်း၊ နှမ်း စသည့် ဆီထွက်သီးနှံများကို ပြည်ပသို့တင်ပို့မှုရှိသော်လည်း စားသုံးဆီကို ပြည်တွင်းလိုအပ်ချက်ရှိသမျှ ပြည်ပမှတင်သွင်းနေရသည်။ ဆီထွက်သီးနှံများ ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်နိုင်သော်လည်း ပြည်ပမှ စားသုံးဆီတင်သွင်းနေရမှုကို ဆန်းစစ်သုံးသပ်ကြည့်ရမည်ဖြစ်သည်။ ပြည်တွင်းစားသုံးမှုလိုအပ်ချက်နှင့် စားသုံးဆီထုတ်လုပ်နိုင်မှု ကွာခြားနေသည့်အခြေအနေကို အဖြေရှာဆောင်ရွက်ကြရမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းများတွင် ဆီထွက်သီးနှံအထွက်တိုးရေး ဆောင်ရွက်ရာ၌ မျိုး၊ မြေ၊ ရေ၊ နည်း ဤလေးချက်သည် အဓိကအရေးကြီးသဖြင့် စနစ်တကျအသုံးချရန် လိုအပ်ပေသည်။ ဆီထွက်သီးနှံများကို မိုးနည်းရေရှားဒေသများ၌ စိုက်ပျိုးလေ့ရှိသဖြင့် လိုအပ်သည့် စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် မြစ်ရေတင်စီမံကိန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်သည်။ လက်ရှိအချိန်တွင် သီးထပ်စွမ်းအားများ မြင့်မားလာရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက တောင်သူများအား တွန်းအားပေးကူညီဆောင်ရွက်နိုင်ရေးလိုအပ်သည်။ ဆီထွက်သီးနှံများကို သတ်မှတ်ထားသည့် တစ်ဧကအထွက်နှုန်းအတိုင်း အပြည့်အဝ ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသူ နိုင်ငံသားများသည် ဆီမပါလျှင် စားစရာမဖြစ်ဆိုသကဲ့သို့ ဆီကို စားစရာများတွင် မဖြစ်မနေအသုံးပြုကြသည်။ အချို့အနေဖြင့် ဆီကို လိုသည်ထက်ပို၍ နှစ်ခြိုက်စွာစားသုံးကြသည်။ မြန်မာနိုင်ငံတွင် လူဦးရေတစ်နေ့တခြားတိုးတက်လာသည်နှင့်အမျှ တိုးတက်ပြောင်းလဲလာသော နေထိုင်စားသောက်မှုပုံစံများအရ စားသုံးဆီလိုအပ်ချက်လည်း မြင့်မားနေသည်ကို တွေ့ရသည်။ အမှန်တကယ်တွင် လူအများစားသုံးနေသောစားသုံးဆီအမျိုးမျိုးတို့တွင် ပြည့်ဝဆီ၊ မပြည့်ဝဆီ၊ အရောအနှောဆီ၊ ပြန်ကြော်ဆီ စသည်ဖြင့် အမျိုးမျိုးပါဝင်နေသည်ကို သတိပြုရမည်ဖြစ်သည်။ ကျန်းမာရေးနှင့် မညီညွတ်သောဆီတစ်မျိုးမျိုးကို ရေရှည်စားသုံးမိပါက သွေးအတွင်း ကိုလက်စထရောဓာတ်များမြင့်တက်လာပြီး နှလုံး၊ အသည်းအဆီဖုံးခြင်း၊ အသည်းကင်ဆာဖြစ်ခြင်း စသည့်ကုသရန်ခက်ခဲသောဝေဒနာများဖြစ်ပေါ်လာနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

စားသုံးဆီကို ပြည်ပမှ နှစ်စဉ်တင်သွင်းလျက်ရှိရာတွင် တစ်နှစ်ထက်တစ်နှစ် လျော့ကျသွားခြင်းမရှိဘဲ တန်ချိန်များစွာ တိုးတက်တင်သွင်းနေရသည်ကို တွေ့ရမည်ဖြစ်သည်။ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တရားဝင်တင်သွင်းလာသော အရည်အသွေးစစ်ဆေးပြီးသည့် စားသုံးဆီများရှိသကဲ့သို့ အရည်အသွေးစစ်ဆေးမှု တစ်စုံတစ်ရာမပါရှိဘဲ တရားမဝင် ဝင်ရောက်လာသော စားသုံးဆီများတွင် ပုံပြောင်းအဆီအက်စစ်များနှင့် ကျန်းမာရေးနှင့်ကိုက်ညီမှုမရှိသော မှိုကဲ့သို့ အခြားဓာတ်ပစ္စည်းများ ပါရှိလာတတ်သည်မှာ အလွန်အန္တရာယ်ကြီးမားပြီး သတိထားရမည့်အခြေအနေဖြစ်သည်။ မြန်မာနိုင်ငံသားများ၏အနေအထားမှာ တရားဝင်အသိအမှတ်ပြုထားသည်ကို အလေးမထားဘဲ ဈေးနှုန်းနှင့် မျက်မြင်အခြေအနေကိုသာကြည့်၍ ဝယ်ယူစားသုံးနေကြသည်မှာ အလွန်အန္တရာယ်များလှသည်။

မြန်မာနိုင်ငံ၏ နေ့စဉ်စားသုံးမှုတွင် မပါမဖြစ်ပါရှိနေသည့် စားသုံးဆီနှင့်ပတ်သက်၍ ပြည်တွင်း၌ အလုံအလောက်ထုတ်လုပ်ပြီး အရည်အသွေးပြည့်ဝသော ကျန်းမာရေးနှင့်ညီညွတ်သည့် စားသုံးဆီများထုတ်လုပ်နိုင်ရေးကို သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးနှင့် ဆီလုပ်ငန်းရှင်များနှင့်အတူ တောင်သူအားလုံးတို့က ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပမှ စားသုံးဆီတင်သွင်းနေမှုကို လျှော့ချနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသလို ထိုသို့လျှော့ချနိုင်အောင်လည်း ဆီထွက်သီးနှံများ တိုးတက်ထုတ်လုပ်ရေး၊ ထွက်ရှိလာသောဆီထွက်သီးနှံများကို အပြည့်အဝကြိတ်ခွဲထုတ်လုပ်ရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ ဆီထွက်သီးနှံများကို ဇုန်များသတ်မှတ်စိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်းအတိုင်းထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဆီထွက်သီးနှံများကို ပြည်ပသို့တင်ပို့မှုရှိပြီး ကျန်ရှိသည့်သီးနှံများကို သက်ဆိုင်ရာလုပ်ငန်းရှင်များက အပြည့်အဝကြိတ်ခွဲပြီး စားသုံးဆီထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနက လိုအပ်သည်များကို ကူညီဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

စားသုံးသူများအနေဖြင့် ပြည်သူတစ်ဦးချင်းမှအစပြု၍ မိသားစု၊ အိမ်ထောင်စုများစွာတို့က စားသုံးဆီကို လိုသလောက်သာ ချင့်ချိန်သုံးစွဲကြခြင်းဖြင့် ပြည်သူအားလုံး ကျန်းမာသန်စွမ်းပြီး နာတာရှည်ရောဂါများ ကင်းဝေးကြကာ မိမိတို့လုပ်ငန်းဆောင်တာများကို စွမ်းအားပြည့်စွမ်းဆောင်နိုင်ခြင်းနှင့်အတူ ပြည်ပမှစားအုန်းဆီတင်သွင်းမှုကြောင့် နိုင်ငံခြားငွေလိုအပ်ချက်ကို လျှော့ချနိုင်ပြီး လူမှုစီးပွားဘဝတိုးတက်ကောင်းမွန်လာသောနိုင်ငံအဖြစ် အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။ ။

## (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည် အရှင်မြတ်များအား ချီးကျူးပူဇော်ပွဲ အခမ်းအနား ကျင်းပမည်

နေပြည်တော် မေ ၂၄

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၈၆ ခုနှစ် ကဆုန်လဆန်း ၆ ရက် မေ ၁၃ ရက်(တနင်္လာနေ့) နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များအပါအဝင် ပင့်သံဃာ ၃၃ ပါး၊ ယခုနှစ်တွင် အောင်မြင်တော်မူကြသော တိပိဋကဓရ တိပိဋကကောဝိဒ တစ်ပါး၊ မူလအာဘိဓမ္မိက ငါးပါး၊ ဒီဃနိကာယကောဝိဒ သုံးပါး၊ ဒီဃဘာဏက ကိုးပါး၊ ဝိနယကောဝိဒ ငါးပါး၊ ဝိနယဓရ ၃၁ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ခုနစ်ပါး၊ ဥဘတောဝိဘင်္ဂဓရ ၅၁ ပါး၊ စာအောင်သံဃာ ၁၁၂ ပါး စုစုပေါင်းသံဃာတော် ၁၄၅ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်မည်ဖြစ်ပါသဖြင့် အလှူရှင်များအနေဖြင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ညွှန်ကြားရေးမှူး စာမေးပွဲဌာနခွဲ သာသနာရေးဦးစီးဌာန ဖုန်း-၀၉-၄၃၀၆၇၁၆၈၊ ၀၉-၄၄၃၁၉၀၁၉၃ သို့ ဆက်သွယ်၍ ကြိုတင်လှူဒါန်း နိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## မော်ဘီမြို့နယ်၌ ၂၀၂၄-၂၀၂၅ စီမံကိန်းလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ

မော်ဘီ မေ ၂၄

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်၏ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို မော်ဘီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ဦးစွာ မော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မော်ဘီမြို့နယ်အတွင်း တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့်ကျပ် ၂၂ ဒသမ ၇၂၆ ဘီလီယံ တန်ဖိုးရှိ လုပ်ငန်း ၁၂၉ ခု၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ကျပ် ၆ ဒသမ ၈၄၁ ဘီလီယံတန်ဖိုးရှိ လုပ်ငန်း ၃၈ ခု စုစုပေါင်း ကျပ် ၂၉ ဒသမ ၅၆၇ ဘီလီယံ ရရှိကာ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ်ဘီလီယံ ၈၈၃ ဒသမ ၄၅၆ သန်း၊ တိုးတက်မှုနှုန်း ၄ ဒသမ ၃ ရာခိုင်နှုန်း ဖြစ်ပေါ်စေရန်၊ လယ်ယာကဏ္ဍကြီး၏ပါဝင်မှု အချိုးအစားကို ၈ ဒသမ ၈ ရာခိုင်နှုန်းနှင့် ၁ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်မှုရစေရန်၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၅၀ ဒသမ ၂ ရာခိုင်နှုန်းနှင့် ၄ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်မှုရစေရန်၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို၄၁ ရာခိုင်နှုန်း နှင့် ၄ ဒသမ ၉ ရာခိုင်နှုန်း အသီးသီးတိုးတက်မှုရစေရန် ရည်မှန်းထားပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်များကို သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများထံသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကောင်းမြတ်သူ(မော်ဘီ)**

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများစာဖတ်နှုန်းမြင့်တက်စေရန်ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၄-၅ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၈,၉၀၀ | ၈၇၉ | ၇,၇၉၈,၄၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၆,၆၀၄ | ၁၈,၈၅၉,၁၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၇ | ၅၆,၀၀၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၂,၂၆၁ | ၃,၃၉၁,၅၀၀ |
| TMH | ၃,၁၀၀ | ၃,၀၅၀ | ၆၆ | ၂၀၄,၅၅၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၂၉ | ၄၉,၀၅၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၁ | ၄,၆၀၀ |
| MAEX | ၂,၀၅၀ | ၂,၀၅၀ | ၁,၃၂၇ | ၂,၇၆၅,၈၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ ချစ်ကြည်ရေး ခရီးများ အပြန်အလှန် လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

**အပြန်အလှန်ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိ သူတို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးနှင့်အတူ သံရုံးမှ တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. CHUM Angvichet အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။





# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၄**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာကျုံမ်အန်းဗွီကြတ် (Mr.CHUM Angvichet) အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ရှိရင်းစွဲအစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးဖြစ်ပေါ်တိုးတက်မှုများကို သုံးသပ်ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုအလားအလာများ၊ အထူးသဖြင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ခရီးသွားကဏ္ဍနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုအစရှိသည့် ကိစ္စရပ်များသာမက ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စတို့အပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ကျိုင်းတုံမြို့နယ်နှင့် မြိတ်မြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ

**နေပြည်တော် မေ ၂၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းက ကျိုင်းတုံမြို့ရှိ စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ရုံးခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား နယ်မြေခံ ဆေးကုသရေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်း ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့်မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက မြိတ်မြို့ရှိ နယ်မြေခံ တပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ နယ်မြေခံ ဆေးကုသရေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





# တံတားဦးမြို့နယ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း သင်ကြားသင်ယူမှုအခြေအနေများ ရှင်းလင်းဆွေးနွေး

**တံတားဦး မေ ၂၄**

တံတားဦးမြို့ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၌ စက်မှုဘာသာရပ်သင်တန်းများ၏ သင်ကြားသင်ယူမှုအခြေအနေများ အထောက်အပံ့ပေးအပ်နိုင်မည့် အခြေအနေများနှင့်စပ်လျဉ်းပြီး ရှင်းလင်းဆွေးနွေးပွဲကို မေ ၂၃ ရက် မွန်းလွဲ ၂ နာရီက အဆိုပါကျောင်းရတနာထွန်းခန်းမတွင် ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ရှင်းလင်းဆွေးနွေးပွဲတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာအသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးသွင်က နည်းပညာနှင့် သက်မွေးလေ့ကျင့်ရေးဆိုင်ရာ ရည်ရွယ်ချက်များ၊ လက်ရှိဖွင့်လှစ်ထားသော ကျောင်းများ၊ သင်တန်းအမျိုးအစားများနှင့် သင်တန်းကာလများ၊ လာမည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွင် တံတားဦးမြို့နယ် ပါဝင်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် တံတားဦးမြို့တွင် တွဲဖက်ဖွင့်လှစ်သင်ကြားမည့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း အဆောက်အအုံသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ရဲတင့်( ပြန်/ဆက်)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၄)တွင် အမှာစကားပြောကြား

နေပြည်တော် မေ ၂၄

မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၂၄)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။




ဦးစွာ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက မူပိုင်ခွင့်စနစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမင်းမင်းက မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ (၂/၂၀၂၃)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၂၄)သို့ တင်ပြသည့် အမှာစာများကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ဗဟိုကော်မတီ အဖွဲ့ဝင် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဝါဝါမောင်၊ ဦးရဲတင့်၊ ဒေါက်တာအောင်ကြီး၊ ဦးရင်မောင်ညွန့်၊ ဒေါက်တာဇော်မြင့်၊ ဒေါက်တာအောင်ဇေယျနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် မူပိုင်ခွင့်ဆိုင်ရာများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ (၁/၂၀၂၄) အစည်းအဝေး ဆုံးဖြတ်ချက်(မူကြမ်း)ကို အတည်ပြုသည်။

ယင်းနောက် ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆုံးရှုံးနိုင်ခြေမြင့်မားသောမှုခင်းများနှင့် ဆက်နွှယ်သည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေဖော်ထုတ်ခြင်းဆွေးနွေးပွဲ ကျင်းပ



နေပြည်တော် မေ ၂၄

ဆုံးရှုံးနိုင်ခြေမြင့်မားသော မှုခင်းများနှင့် ဆက်နွှယ်သည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေဖော်ထုတ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပရာ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက အဖွင့်အမှာစကားပြောကြားသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ခေါင်းဆောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အရာရှိကြီးများ၊ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ ကြီးကြပ်ရေးအာဏာပိုင်များ၊ သတင်းပို့အဖွဲ့အစည်းများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ် ဘဏ်ခွဲများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံအနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ တိုးတက်မှုအစီရင်ခံစာ (Progress Report)တွင် ပါရှိသည့် လက်ငင်းရလဒ်(၁) အဆင့်တိုးမြှင့်ရရှိစေရန်ဆောင်ရွက်ရာတွင် ဆုံးရှုံးနိုင်ခြေမြင့်မားသည့် မှုခင်းများနှင့်ဆက်နွှယ်သည့် ငွေကြေးခဝါချမှု အန္တရာယ်များကို နားလည်သိရှိမှုတိုးတက်ကြောင်း ပြသရန်အတွက် ကဏ္ဍအလိုက် ဆုံးရှုံးနိုင်ခြေ အန္တရာယ် အကဲဖြတ်မှု(Risk Assessment) ဆောင်ရွက်ထားရှိမှုများအား သိရှိနားလည်စေရန်နှင့် ကြီးကြပ်ရေးအာဏာပိုင်များနှင့် သတင်းပို့အဖွဲ့အစည်းများက ငွေကြေးခဝါချမှုတိုက်ဖျက်ရေးလုပ်ငန်းများဆိုင်ရာ သိရှိနားလည်မှုတိုးတက်စေရန် ယခုဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း၊ လက်ရှိကာလတွင် အလေးထားပြီး တားဆီးတိုက်ဖျက်သွားရန် လိုအပ်သည့် အွန်လိုင်းလိမ်လည်မှုများနှင့် ဆက်နွှယ်နေသည့် ငွေကြေးခဝါချမှုလားရာများကိုလည်း ဆွေးနွေးပွဲတွင် ထည့်သွင်းဆွေးနွေးသွားရန် ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် ဌာန/အဖွဲ့အစည်းများကလည်းကောင်း၊ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများကလည်းကောင်း၊ အခြားစီးပွားရေးလုပ်ငန်းအသီးသီးမှလည်းကောင်း ဆုံးရှုံးနိုင်ခြေမြင့်မားသည့် မှုခင်းများနှင့် ဆက်နွှယ်သည့် ငွေကြေးခဝါချမှု အန္တရာယ်များအား ဖော်ထုတ်ရာတွင် သက်ဆိုင်ရာ ကြီးကြပ်ရေးအာဏာပိုင်များက ဆွေးနွေးသည့် အချက်များအပေါ် ဆုံးရှုံးနိုင်ခြေဖော်ထုတ်ရန် လိုအပ်ပြီး သတင်းပို့ရာတွင် ပြန်လည်သုံးသပ်နိုင်ရန်လိုအပ်ကြောင်း၊ အစီရင်ခံစာများလည်း ဌာနအသီးသီးမှ အများပြည်သူသိရှိစေရန် ထုတ်ဝေရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက ယခုဆွေးနွေးပွဲရလဒ်များအပေါ် အခြေခံ၍ သတင်းပို့အဖွဲ့အစည်းများက AML/CFT ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စေရန်နှင့် ဆွေးနွေးပွဲမှရရှိသည့် အသိပညာများအား လက်တွေ့တွင် ထိရောက်စွာ အသုံးချနိုင်စေရန် အတွက် တက်ရောက်လာသူများက ဆွေးနွေးပေးကြရန် တိုက်တွန်းလိုကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့က အွန်လိုင်းလိမ်လည်မှုများနှင့် ဆက်နွှယ်သည့် ငွေကြေးခဝါချမှုလားရာများ မဟာဗျူဟာ ခွဲခြမ်းစိတ်ဖြာမှု အစီရင်ခံစာအားလည်းကောင်း၊ ဆုံးရှုံးနိုင်ခြေမြင့်မားသော မှုခင်းများနှင့် ဆက်နွှယ်သည့် ငွေကြေးခဝါချမှုဆုံးရှုံးနိုင်ခြေများနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာန၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ စုံစမ်းစစ်ဆေးရေးဌာနခွဲ-၁၊ စုံစမ်းစစ်ဆေးရေးဌာနခွဲ-၂၊ ပုဂ္ဂလိကဘဏ်ခြောက်ဘဏ်၊ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအာမခံလုပ်ငန်း၊ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းနှင့် ရွှေလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများကလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ယခုဆွေးနွေးပွဲမှရရှိသည့် အသိပညာဗဟုသုတများကို မိမိတို့၏ဌာန/လုပ်ငန်းများတွင် ပြန်လည်ဝေမျှဆွေးနွေးသွားရန်ဖြစ်ကြောင်း၊ ငွေကြေးခဝါချမှု အန္တရာယ်နှင့် ဆုံးရှုံးနိုင်ခြေများကို သိရှိနားလည်မှု တိုးတက်လာသည်နှင့်အမျှ သတင်းပို့အဖွဲ့အစည်းများသည် ငွေကြေးခဝါချမှုကို ကာကွယ်တားဆီးမှု တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ယခုဆွေးနွေးပွဲမှ အဓိကအရေးကြီး ဆောင်ရွက်ရန်အချက်များကို ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# သထုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲများ ပြုလုပ်

သထုံ မေ ၂၄

မွန်ပြည်နယ် သထုံမြို့နယ် သိမ်ကုန်းရပ်ကွက်ရှိ ကြေးသွန်းရုပ်ပွားတော်မြတ်ကြီးအတွင်း ဖွင့်လှစ်သင်ကြားပေးနေသည့် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပြီး အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်း လုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြသည်။

နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ရာတွင် ဦးစွာ ဓမ္မအလင်းတန်း ဗုဒ္ဓစာပေပြန့်ပွားရေးအသင်းမှ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း နည်းပြဆရာမ ဒေါ်ခင်သီတာလှိုင်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဟောပြောဆွေးနွေးသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ် သွားရောက်

**နေပြည်တော် မေ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Wang Xiao Hong ၏ ဖိတ်ကြားချက်အရ မေ ၂၄ ရက်မှ ၂၉ ရက်အထိ မြန်မာ-တရုတ် နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ် သွားရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံး ဒုတိယအကြီးအကဲ Ms. Cao Jing နှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အလုပ်သဘောခရီးစဉ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ် အရာရှိကြီးများ လိုက်ပါသွားကြောင်း သိရသည်။

သတင်းစဉ်



# မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

**နေပြည်တော် မေ ၂၄**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သုတေသန စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရုံးအမှတ်(၃၆) အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများ၊ စာတမ်းရှင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

စာတမ်း ဖတ်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက စားရေရိက္ခာ အသားကဏ္ဍဖူလုံမှု တိုးတက်ရေးနှင့် အစားအစာဘေးအန္တရာယ် ကင်းရှင်းပြီး အာဟာရပြည့်ဝသည့် မွေးမြူရေးထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် မွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက် လာစေရန် နိုင်ငံတော်အစိုးရက ဘက်စုံကဏ္ဍစုံမှ အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့ဝန်ကြီးဌာန အနေဖြင့်လည်း နည်းပညာဝန်ဆောင်မှုများ တိုးချဲ့ဆောင်ရွက်နိုင်ရေးနှင့် မွေးမြူရေးဆိုင်ရာ သုတေသနဖွံ့ဖြိုးရေး လုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ သို့အတွက် သုတေသီများ၊ ပညာရှင်များအနေဖြင့် အဆင့်မြင့်နည်းပညာအသစ်များ လေ့လာဖော်ထုတ် အသုံးပြုနိုင်ရေး ကြိုးပမ်းမှုနှင့်အတူ ဆက်စပ်ဌာနများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် မွေးမြူရေးတောင်သူများ ပူးပေါင်းပါဝင်သည့် လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများကို တစ်ပါတည်းဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် စာတမ်းရှင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး မွေးမြူရေးဆိုင်ရာ ပြခန်း ပြကွက်များကို ကြည့်ရှုအားပေးကြသည်။

အစီအစဉ် ဒုတိယပိုင်းတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်းက စာတမ်းဖတ်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်မားရေး လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စာတမ်းဖတ်ပွဲ အကဲဖြတ် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ စာတမ်းရှင်များက သုတေသနစာတမ်းများ တင်သွင်းဖတ်ကြားကြပြီး တက်ရောက်လာသူများက မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကာ စာတမ်းဖတ်ပွဲ ပထမနေ့ကို ညနေပိုင်းတွင် ရပ်နားခဲ့သည်။

စာတမ်းဖတ်ပွဲတွင် ဌာနမှ ဆောင်ရွက်လျက်ရှိသော တိရစ္ဆာန်များ မွေးမြူထုတ်လုပ်ခြင်းဆိုင်ရာ စစ်တမ်းများ၊ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းအပေါ် အခြေခံ၍ မြန်မာနိုင်ငံ၏ တိရစ္ဆာန်မွေးမြူမှုအခြေအနေ လေ့လာသုံးသပ်ချက်စာတမ်း၊ မျိုးဗီဇဆိုင်ရာ၊ တိရစ္ဆာန်အစာအာဟာရဗေဒ၊ သိုး၊ ဆိတ်မွေးမြူရေး၊ ရောဂါကာကွယ် ထိန်းချုပ်ရေး၊ ရောဂါစူးစမ်းရှာဖွေထောက်လှမ်းခြင်း၊ တစ်ခုတည်းသော ကျန်းမာရေးဆိုင်ရာနှင့် ပဋိဇီဝဆေးဆိုင်ရာ သုတေသနများနှင့် သက်ဆိုင်သည့် စာတမ်းများကို အတွေ့အကြုံကောင်းရှိသူ စာတမ်းရှင်များနှင့် မျိုးဆက်သစ်လူငယ် စာတမ်းရှင်များက မေ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် စာတမ်း ၃၁ စောင်ကို ဖတ်ကြားတင်သွင်းသွားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





# ထန်းတပင်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် စီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်

**ရန်ကုန် မေ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်း ဒေသန္တရစီမံကိန်းနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များ ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် (ဧပြီလမှမတ်လ)အထိ ဒေသန္တရစီမံကိန်း ရည်မှန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ထန်းတပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တာဝန်ပေးအပ်ခြင်း အခမ်းအနားတွင် မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ဒေသန္တရစီမံကိန်းရည်မှန်းချက်များနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစီမံကိန်းရည်မှန်းချက်တာဝန်များကို သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများထံသို့ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးနိုင်နိုင်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။

ထန်းတပင်မြို့နယ်အတွင်း တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေကျပ်ဘီလီယံပေါင်း ၁၀ ဒသမ ၇၁၉ ဖြင့် လုပ်ငန်း ၈၈ ခုနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ်ဘီလီယံပေါင်း ၄၃ ဒသမ ၅၄၉ ဖြင့်လုပ်ငန်း ၂၅ ခု စုစုပေါင်းလုပ်ငန်း ၁၁၃ ခုကို ကျပ်ဘီလီယံပေါင်း ၅၄ ဒသမ ၂၆၈ ဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)





# ကျောက်တန်းမြို့နယ်၌ မြစိမ်းရောင်စီမံကိန်း သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**ကျောက်တန်း မေ ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော မြစိမ်းရောင်စီမံကိန်း၊ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း၊ ဆိုလာရေတင်လုပ်ငန်းဆောင်ရွက်နေမှု၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ စီမံကိန်းသုံးသပ်ဆွေးနွေးပွဲအား ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးမြင့်က အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းလုပ်ငန်းအဖွဲ့မှ လိုအပ်ချက်များ ဆွေးနွေးပြောကြားသည်။

ထို့နောက် စီမံကိန်းသုံးသပ်ဆွေးနွေးပွဲ တက်ရောက်လာသော ကော်မတီဝင်များအား အဖွဲ့လေးဖွဲ့ခွဲ၍ စီမံကိန်းအားသာချက်၊ အားနည်းချက်များကို တာဝန်ခံများက ဦးဆောင်ဆွေးနွေးတင်ပြကြသည်။

အဆိုပါ သက်ဆိုင်သူပေါင်းစုံပါဝင်သော အခမ်းအနားအား ကျေးရွာ ၂၈ ရွာမှ ကော်မတီဝင် ၄၃ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သန့်ဇင်ထွန်း (ကျောက်တန်း)

# လူရည်ချွန်မှသည် အနာဂတ်တိုင်းပြည်ဆီသို့

## ဒေါက်တာစိုးဝင်း (စာရင်းအင်းပညာ)

နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် တတိယအချက်တွင် **“နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး”** ဟူ၍ ချမှတ်ထားရှိပြီး လူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာရေးနှင့် အဆင့်မြင့်ပညာရေးကဏ္ဍ နှစ်ရပ်စလုံးအတွက် ဗလငါးတန်တည်းဟူသော ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလတို့နှင့်ပြည့်စုံသော လူငယ်များပြုစုပျိုးထောင်ရေးကို အဓိကထားဆောင်ရွက်လျက်ရှိပြီး လူရည်ချွန်စီမံကိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။

လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့ပြီး ၁၉၈၈ ခုနှစ်အထိ နှစ်စဉ်ဆက်တိုက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၈၉ ခုနှစ်မှစ၍ ယာယီရပ်နားထားခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် “လူရည်ချွန်” အမည်အစား “ဘက်စုံပညာထူးချွန်လူငယ်” စီမံကိန်းအဖြစ် ဆက်လက်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် “လူရည်ချွန်” အမည်ဖြင့် ပြန်လည်သုံးနှုန်း အကောင်အထည်ဖော်ခဲ့ကြပါသည်။ သို့ရာတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပျံ့နှံ့မှုအရ ခေတ္တရပ်နားခဲ့ရပြန်၍ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ပြန်လည်အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

လူရည်ချွန်တစ်ဦးဖြစ်ရန်မှာ လွယ်ကူလှသည်တော့မဟုတ်ကြောင်း ကိုယ်တိုင်ဖြတ်သန်းခဲ့သောအတွေ့အကြုံများအရ သိရှိခဲ့ရပါသည်။ စီးပွားရေးတက္ကသိုလ်တွင် မိမိအနေဖြင့် စာရင်းအင်းပညာဘာသာရပ်များကို ကြိုးစားသင်ယူရင်း စာကြိုးစားမှု၏ရလဒ်အဖြစ် စတုတ္ထနှစ် လူရည်ချွန်ရွေးချယ်ရာတွင် ဝင်ရောက်ဖြေဆိုခွင့်ရခဲ့ပါသည်။ မြောက်မြားလှသော အထွေထွေဗဟုသုတ မေးခွန်းများကို စုစုပေါင်း ၁၂ ယောက်တိတိ ရေးဖြေပါဝင်ယှဉ်ပြိုင်ကြရင်း ပထမအကြိမ် လူတွေ့စစ်မေးမှုအပြီး ဆန်ခါတင်သုံးဦးတွင် ပါဝင်ခဲ့ရပါသည်။ လူရည်ချွန်ဟူသည် စာတော်ရုံမျှမက ဉာဏဗလအနေဖြင့် ဉာဏ်ပညာစွမ်းအား ဗဟုသုတနှံ့စပ်ကျွမ်းကျင်ရန်လည်း လိုအပ်ကြောင်း မှတ်သားခဲ့ရပါသည်။ ကာယဗလကြံ့ခိုင်မှုအနေဖြင့် အပြေး (တာတို/တာလတ်)၊ အလျားခုန်၊ အိပ်ထမတင်၊ ဒိုက်ထိုး၊ ခါးရှေ့ကုန်းထိ စသည်ဖြင့် အမည်မျိုးစုံပါဝင်ယှဉ်ပြိုင်ရင်း ဒုတိယအကြိမ် လူတွေ့စစ်မေးမှု ခံယူခဲ့ရပါသည်။ ပြည်သူ့အကျိုးပြု လုပ်ငန်းတစ်ခုဖြစ်သော ‘အ’သုံးလုံးလုပ်အားပေးတွင် ပါဝင်ခဲ့မှုနှင့် နွေရာသီလုပ်အားပေးလုပ်ငန်းများတွင် ပါဝင်ခဲ့မှုများကလည်း မိတ္တဗလဖြစ်သော မိတ်ဆွေခင်ပွန်းများ ဖွဲ့စည်းနိုင်မှုစွမ်းအားချဲ့ထွင်နိုင်မှုအပြင် လူရည်ချွန်ဖြစ်လာရေးကို အထောက်အကူပြုခဲ့ပါသည်။ စိတ်ခါတ်ပြင်းပြမှုနှင့်အတူ ကြိုးစားမှုအရ အမိစီးပွားရေးတက္ကသိုလ်၏ စတုတ္ထနှစ် လူရည်ချွန်အဖြစ် အရွေးချယ်ခံခဲ့ရပြီး ငပလီရွှေဝါချိုင်သို့ ၁၉၈၂ ခုနှစ်တွင် အပန်းဖြေရောက်ခဲ့ရပါသည်။ တက္ကသိုလ်အသီးသီးမှ ပါဝင်လာကြသူများနှင့် မိတ်ဆွေဖွဲ့ရင်း ဗဟုသုတရစရာ၊ မှတ်သားစရာ၊ လေ့လာသင်ယူမှုများနှင့်အတူ အတိတ်ကာလတစ်ခု၏ မြန်မာနှစ်ကူးလတန်ခူးတွင် ပျော်ရွှင်ခဲ့ရပါသည်။

မြန်မာနှစ်ကူးလတန်ခူးသည် နှစ်ဟောင်းကိုစွန့်ခွာ၍ နှစ်သစ်၏ပထမလဖြစ်သည်နှင့်အညီ အတိတ်ကိုရှုမြင်သုံးသပ်ရင်း အနာဂတ်အတွက်ရည်မျှော်လို့ ပစ္စုပ္ပန်ကို အကောင်းဆုံးဖြစ်အောင် အကောင်အထည်ဖော်ကြရပေမည်။ အနာဂတ်တိုင်းပြည်ကို အကောင်းဆုံးပုံဖော်ထုဆစ်မည့် ယနေ့လူငယ် နောင်ဝယ်လူကြီးဖြစ်မည့်သူများအတွက် လက်ဆင့်ကမ်းပေးရမည့်နေရာ မိမိရောက်ခဲ့ပြီ။ ဧပြီလ ၂၆ ရက်နေ့တွင် စတင်မည့် ၂၀၂၄ ခုနှစ်လူရည်ချွန်စီမံကိန်းအတွက် တတ်စွမ်းသမျှပါဝင်ဆောင်ရွက်ရပေမည်။ ၂၀၂၄ ခုနှစ်အတွက် စုပေါင်းစခန်းသည် နေပြည်တော်ဖြစ်၍ နယ်စခန်းများမှာ ပုဂံလူရည်ချွန်စခန်း၊ တောင်ကြီးလူရည်ချွန်စခန်း၊ ငွေဆောင်လူရည်ချွန်စခန်းနှင့် ချောင်းသာလူရည်ချွန်စခန်းတို့ဖြစ်ကြပါသည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ စုပေါင်းစခန်းဖြစ်သော နေပြည်တော်ဖွင့်ပွဲတွင် လူရည်ချွန်များအတွက် ဗဟုသုတရစရာ၊ ဂုဏ်ယူအားကျစရာ ပြခန်းပြကွက်များဖြင့် ပါဝင်ပြသကြမည် ဖြစ်ပါသည်။

ပညာရေးတွင် အခြေခံနှင့်အဆင့်မြင့်ဟူသော ကဏ္ဍနှစ်ရပ်စလုံးအတွက် လူရည်ချွန်များမွေးထုတ်ပေးခဲ့ရာတွင် အချို့သောလူရည်ချွန်များမှာ အခြေခံတွင် လူရည်ချွန်ဖြစ်ခဲ့ကြသလို အဆင့်မြင့်ပညာအထိလည်း ဆက်လက်ရွေးချယ်ခံခဲ့ရပါသည်။ ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း ကဏ္ဍနှစ်ရပ်တွင် အရွေးချယ်ခံရသည့် လူရည်ချွန်အရေအတွက်ကို ကျား၊ မအလိုက် **ပုံ(၁)** တွင် တွေ့မြင်နိုင်ပါသည်။




ပုံ(၁) အခြေခံနှင့်အဆင့်မြင့်ပညာကဏ္ဍအလိုက် လူရည်ချွန်အရေအတွက် (၁၉၆၄-၈၈)

အဆိုပါနှစ်များအတွင်း တစ်ကြိမ်ထက်မကရရှိသူများနှင့် နှစ်စဉ်ဆက်တိုက်(ထပ်ကွမ်း) လူရည်ချွန်များအပါအဝင် နှစ်အလိုက်ရရှိခဲ့သည့် လူရည်ချွန်ဦးရေကို စုပေါင်းရေတွက်ပါက ၇၉၀၈ ဦး ဖြစ်နေပြီး အမှန်တကယ်ရရှိသည့် လူရည်ချွန်အရေအတွက်မှာ ၅၁၆၈ ဦး ဖြစ်ပါသည်။ အခြေခံနှင့် အဆင့်မြင့်ကဏ္ဍ နှစ်ရပ်စလုံးတွင် ရွေးချယ်ခံရသူလူရည်ချွန်အရေအတွက်မှာ ၂၂၆ ဦး (ကျား ၁၄၁ ဦးနှင့် မ ၈၅ ဦး) ရှိ၍ ၄ ဒသမ ၃၇ ရာခိုင်နှုန်းဖြစ်ပါသည်။ တစ်ကြိမ်ထက်မက အရွေးချယ်ခံရသည့် လူရည်ချွန်အရေအတွက်မှာ ၁၆၂၇ ဦးဖြစ်၍ ၎င်းတို့အနက် နှစ်စဉ်ဆက်တိုက် ထပ်ကွမ်းရရှိသူအရေအတွက်မှာ ၁၄၃၉ ဦးဖြစ်ပြီး ၁၉၆၄-၈၈ လူရည်ချွန်ပေါင်း၏ ၂၇ ဒသမ ၈၄ ရာခိုင်နှုန်း ရှိပါသည်။ အခြေခံနှင့် အဆင့်မြင့်ပညာကဏ္ဍအလိုက် ထပ်ကွမ်းလူရည်ချွန်အရေအတွက်ကို နှစ်စဉ်ဆက်တိုက် (ထပ်ကွမ်း) အရေအတွက်အလိုက် ပုံ(၂) တွင် တွေ့မြင်နိုင်ပါသည်။




ပုံ(၂) အခြေခံနှင့်အဆင့်မြင့်ပညာကဏ္ဍအလိုက် ထပ်ကွမ်းလူရည်ချွန်အရေအတွက် (၁၉၆၄-၈၈)

အနာဂတ်၏ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်အတွက် လူရည်ချွန်များကို မွေးထုတ်ပေးခဲ့ပါသည်။ ပြီးခဲ့သည့်စီမံကိန်းကာလ ၁၉၆၄-၈၈ ခုနှစ်ကိုကြည့်လျှင် နှစ်ပေါင်း ၃၆ နှစ်မှ နှစ် ၆၀ တိုင်ခဲ့ပေပြီ။ အဆိုပါနှစ်များအတွင်း ရွေးချယ်ခြင်းခံခဲ့ရသည့် လူရည်ချွန်မောင်မယ်များသည် အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့၌ နယ်ပယ်မျိုးစုံ၊ ကဏ္ဍမျိုးစုံတို့၌ပါဝင်ရင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာတာဝန်များကို ထမ်းဆောင်ခဲ့ကြသူများရှိခဲ့ကြသကဲ့သို့ ဗလငါးတန်ပြည့်စုံစွာဖြင့် တိုင်းပြည်နှင့် လူမျိုးအကျိုး၊ လူမှုအကျိုးတို့ကို ပံ့ပိုးဆောင်ရွက်လျက်ရှိသူများလည်း ပါဝင်ပါသည်။ အစိုးရကဏ္ဍကိုကြည့်လျှင် လူရည်ချွန်ရရှိခဲ့သူများအနေဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့ပြီးသူများရှိသကဲ့သို့ တိုင်းပြည်တာဝန်ကို လက်ရှိထမ်းဆောင်လျက်ရှိသူများလည်း ရှိကြပါသည်။ ဝန်ကြီးဌာနအသီးသီးမှ ရနိုင်သမျှစုစည်းရရှိသော အချက်အလက်များအရ ညွှန်ကြားရေးမှူး/ပါမောက္ခ အဆင့်နှင့်အထက် တာဝန်ထမ်းသူအရေအတွက် စုစုပေါင်းမှာ ၂၆၁ ဦးထက်မနည်းရှိခဲ့ပြီး ဘာသာရပ်ဆိုင်ရာ၊ ရုံးလုပ်ငန်းပိုင်းဆိုင်ရာ ပညာရှင်များမှသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယသမ္မတရာထူးများအထိ ပါဝင်ခဲ့ကြပါသည်။ ထိုကာလအတွင်း မွေးထုတ်ခဲ့သည့် လူရည်ချွန်ဦးရေ၏ ၅ ဒသမ ဝ၅ ရာခိုင်နှုန်း ရှိပါသည်။ အစိုးရကဏ္ဍ၌ ညွှန်ကြားရေးမှူး/ပါမောက္ခအဆင့်နှင့်အထက် တာဝန်ထမ်းဆဲနှင့် တာဝန်ထမ်းခဲ့ကြသူအရေအတွက်ကို **ပုံ(၃)** တွင် တွေ့မြင်နိုင်ပါသည်။

**စာမျက်နှာ ၇ သို့** ❖




ပုံ(၃) ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း လူရည်ချွန်ဆုရရှိခဲ့ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရကဏ္ဍ၌ အဆင့်မြင့်တာဝန်များထမ်းဆောင်ကြသည့် လူရည်ချွန်အရေအတွက်

**“ပထမစီမံကိန်းကာလဟု သတ်မှတ်နိုင်သော လူရည်ချွန်စီမံကိန်း ၁၉၆၄-၈၈ တွင် လူရည်ချွန်အဖြစ်အရွေးခံရသူများသည် တိုင်းပြည်၏အနာဂတ်သာယာလှပစေရေး ကြိုးစားဆောင်ရွက်ကြသကဲ့သို့ ဒုတိယစီမံကိန်းကာလဟု သတ်မှတ်နိုင်သောလူရည်ချွန်စီမံကိန်း ၂၀၁၃ ခုနှစ်နောက်ပိုင်းသည်လည်း ဗလငါးတန်အခြေပြုလျက် လုပ်ငန်းခွင်အသီးသီးသို့ ချင်းနင်းဝင်ရောက်လာခဲ့ကြပေပြီ။ ထပ်ကွမ်းလူရည်ချွန်များသည်လည်း များစွာပေါ်ပေါက်လာခဲ့ပါသည်။ မည်သို့ပင်ဆိုစေကာမူ လူရည်ချွန်အဟောင်းတို့၏နေရာတွင် လူရည်ချွန်အသစ်တို့ အစားထိုးဝင်ရောက်ရင်း အနာဂတ်တိုင်းပြည်လှပစေရေးအတွက် ယနေ့လူရည်ချွန်များကလည်း ကြိုးပမ်းဆောင်ရွက်ကြရပေဦးမည်”**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံမှ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ ဩဝါဒခံယူပွဲ အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်နေမှုနှင့် ပြခန်းများခင်းကျင်းနေမှု ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌထံမှ ၂၀၂၃ – ၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ ဩဝါဒခံယူပွဲ အခမ်းအနားအတွက် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန ( ၂) (MICC II) ၌ ကြိုတင်ပြင်ဆင်လေ့ကျင့်နေမှုနှင့် ပြခန်းများ ခင်းကျင်းနေမှုတို့ကို ယနေ့ ညနေပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သွားရောက်ကြည့်ရှုစစ်ဆေးအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ခန်းမအတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ အနုပညာ





ရှင်များ၊ ကျောင်းသား ကျောင်းသူများက တေးသီချင်းများ၊ တေးသရုပ်ဖော်များဖြင့် သီဆိုဖျော်ဖြေတင်ဆက်ရန် လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ထို့နောက် ဝန်ကြီးဌာနအလိုက် ခင်းကျင်းပြသရန် ပြင်ဆင်ဆောင်ရွက်နေသည့် ပြခန်းများကို ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါ အခမ်းအနားတွင် ဝန်ကြီးဌာန ၂၃ ခုမှ ပြခန်းပေါင်း ၇၆ ခန်း ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ နေပြည်တော်စုရပ် ဗဟိုစခန်း(ရွာတော်)သို့ ရောက်ရှိလာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူရည်ချွန်များကို ရင်းရင်းနှီးနှီးလှိုက်လှိုက်လှဲလှဲကြိုဆို

နေပြည်တော် မေ ၂၄

ပုဂံ၊ အင်းလေး၊ ငွေဆောင်နှင့် ချောင်းသာ လူရည်ချွန်အပန်းဖြေစခန်းများသို့ သွားရောက်ကြမည့် ၂၀၂၃–၂၀၂၄ ပညာသင်နှစ် နဝမတန်းလူရည်ချွန် ကျောင်းသား ကျောင်းသူ ၁၄၀၊ ဒသမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူ ၁၄၀၊ ဧကာဒသမတန်းလူရည်ချွန် ကျောင်းသား ကျောင်းသူ ၁၃၇ ဦး၊ ဒွါဒသမတန်းလူရည်ချွန်ကျောင်းသား၊ကျောင်းသူ ၁၃၇ ဦး စုစုပေါင်း လူရည်ချွန် ကျောင်းသား ကျောင်းသူ ၅၅၄ ဦးနှင့် ကြီးကြပ်ဆရာ ဆရာမ ၆၄ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စုရပ် ဗဟိုစခန်း (ရွာတော်)သို့ ရောက်ရှိလာကြရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်စွာသွင်၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီပညာရေးမှူး၊ ခရိုင်၊မြို့နယ်ပညာရေးမှူးများနှင့် တာဝန်ရှိသူများ၊ စခန်းတာဝန်ခံများနှင့်တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် အိုးစည်ဒိုးပတ် အကအဖွဲ့များက စံပယ်ပန်း ကုံးများစွပ်၍ ရင်းရင်းနှီးနှီးလှိုက်လှိုက်လှဲလှဲကြိုဆိုကြသည်။

ထိုသို့ကြိုဆိုနှုတ်ဆက်ရာတွင် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ လူရည်ချွန်မောင်မယ်များကို လှိုက်လှဲစွာကြိုဆိုဂုဏ်ပြုပါကြောင်း၊ နိုင်ငံတော်က အားကိုးအားထားပြုရမည့် လူရည်ချွန် လူရည်မွန်များဖြစ်အောင် အမြဲတမ်းဆက်လက်ကြိုးစားနေကြစေလိုပါကြောင်း၊ အမျိုးသားယဉ်ကျေးမှု ထုံးတမ်းဓလေ့များကို နှစ်သက်မြတ်နိုး ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ခိုင်မာနေကြရန်လိုပါကြောင်း၊ အပန်းဖြေစခန်း အသီးသီးသို့ သွားရောက်ကြမည့် လူရည်ချွန်ကျောင်းသား ကျောင်းသူများအနေဖြင့် ကျန်းမာရေးကို အထူးဂရုစိုက်ကြရန်နှင့် စည်းကမ်းများ၊ ဥပဒေများကို လေးစားလိုက်နာကြစေလိုပါကြောင်း၊ လူရည်ချွန် ထပ်ကွမ်းလူငယ်များဖြစ်အောင် ဆက်လက်ကြိုးစားကြစေလိုပါကြောင်း မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ရောက်ရှိလာသည့် လူရည်ချွန်မောင်မယ် များနှင့် ကြီးကြပ်ဆရာ ဆရာမများသည် နေပြည်တော် စုရပ် ဗဟိုစခန်း(ရွာတော်)၌ တည်းခိုကြပြီး ညနေပိုင်းတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ကန်ကြီးထောင့်မြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် စပါးမျိုးစေ့ချစိုက်ပျိုးခြင်းသရုပ်ပြပွဲ တက်ရောက်ကြည့်ရှုအားပေး

ကန်ကြီးထောင့် မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် မျိုးစေ့ချကိရိယာဖြင့် စပါးမျိုးစေ့ချစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက ခုံဇင်ကုန်းကျေးရွာအုပ်စု ကံကုန်းကျေးရွာ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က တက်ရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ဦးဆောင်သောအဖွဲ့နှင့် တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာအကြီးအကဲများသည် ခုံဇင်ကုန်းကျေးရွာအုပ်စု ကံကုန်းကျေးရွာရှိ ကွင်းအမှတ် ၁၇၀–B၊ ဦးပိုင်အမှတ် ၉၅/၁ တောင်သူ ဒေါ်ခင်အုန်းမြင့်၏ လယ်နှစ်ဧကတွင် ရက် ၉၀ စပါးမျိုးအား မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချမှုအခြေအနေ ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ လာရောက်ကြည့်ရှုရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်အဖွဲ့ဝင် များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းနိုင်စိုးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





❖ စာမျက်နှာ ၆ မှ

ပထမစီမံကိန်းကာလဟု သတ်မှတ်နိုင်သော လူရည်ချွန်စီမံကိန်း ၁၉၆၄–၈၈ တွင် လူရည်ချွန်အဖြစ်အရွေးခံရသူများသည် တိုင်းပြည်၏အနာဂတ်သာယာလှပစေရေး ကြိုးစားဆောင်ရွက်ကြသကဲ့သို့ ဒုတိယစီမံကိန်းကာလဟု သတ်မှတ်နိုင်သော လူရည်ချွန်စီမံကိန်း ၂၀၁၃ ခုနှစ်နောက်ပိုင်းသည်လည်း ဗလငါးတန်အခြေပြုလျက် လုပ်ငန်းခွင်အသီးသီးသို့ ချင်းနင်းဝင်ရောက်လာခဲ့ကြပေပြီ။ ထပ်ကွမ်းလူရည်ချွန်များသည်လည်း များစွာပေါ်ပေါက်လာခဲ့ပါသည်။ ပထမစီမံကိန်းကာလတွင် လူရည်ချွန်အရွေးချယ်ခံရသူမိမိသည်ပင် ဒုတိယစီမံကိန်းကာလ လူငယ်ကဏ္ဍလေ့ကျင့်ပျိုးထောင်ရေး၏ လူရည်ချွန်စီမံကိန်းကို အောင်မြင်အောင် ပံ့ပိုးဆောင်ရွက်ရင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ လူရည်ချွန်အဟောင်းတို့၏နေရာတွင် လူရည်ချွန်အသစ်တို့ အစားထိုးဝင်ရောက်ရင်း အနာဂတ်တိုင်းပြည်လှပစေရေးအတွက် ယနေ့လူရည်ချွန်များကလည်း ကြိုးပမ်းဆောင်ရွက်ကြရပေဦးမည်ဖြစ်သည်ဟု ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား

- အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်၏ ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ နှစ်အလိုက် လူရည်ချွန်စာရင်းများ

## ယင်းမာပင်မြို့၌ နွေရာသီအခြေခံပန်းချီသင်တန်းဆင်းပွဲကျင်းပ

ယင်းမာပင် မေ ၂၄

နွေရာသီအခြေခံပန်းချီသင်တန်း သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ယင်းမာပင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သာယာအေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းသန့်က ကျောင်းသားလူငယ်များ အချိန်ကိုအကျိုးရှိရှိ အသုံးချတတ်ပြီး အခြေခံပန်းချီရေးဆွဲခြင်းမှသည် ပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်နိုင်သည်အထိ လေ့ကျင့်ထားကြရန် ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ဝင်းက သင်တန်းဖွင့်လှစ်ခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ ပြောကြားပြီး သင်တန်းနည်းပြ ဆရာ ဦးကျော်စွာဝင်းအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကာ သင်တန်းတွင် ထူးချွန်ဆုရရှိသည့် သင်တန်းသား သင်တန်းသူများအား ဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းကို မတ် ၂ ရက်မှ မေ ၁၂ ရက်အထိ ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် လူရည်ချွန်ကျောင်းသား ကျောင်းသူများ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အား သွားရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် မေ ၂၄**

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်အတွက် ရွေးချယ်ခံရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးတို့အား သွားရောက်ဖူးမြော်ကြသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့ တာဝန်ရှိသူက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။





ထို့နောက် လူရည်ချွန်ကျောင်းသား ကျောင်းသူများက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည် ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များ၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း အံ့မခန်းဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် ကျောက်စာရုံစေတီတော်နှင့် အခြားသာသနိက အဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုကြသည်။

ဆက်လက်၍ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြကာ စေတီတော်မြတ်ကြီး လိုဏ်တော်အတွင်းရှိ ကျောက်စိမ်းရုပ်ပွားတော်များနှင့် စေတီတော်ရင်ပြင်အတွင်း လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး စေတီတော်အရှေ့ဘက်မုခ်ရှိ ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်သို့သွားရောက်၍ဆင်ဖြူတော်များကို လေ့လာကြည့်ရှုကြသည်။

အဆိုပါ လူရည်ချွန် ကျောင်းသား ကျောင်းသူများအဖွဲ့တွင် ကချင်ပြည်နယ်မှ ၃၂ ဦး၊ ကရင်ပြည်နယ်မှ ရှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၄၀၊ တနင်္သာရီတိုင်းဒေသကြီးမှ ၂၂ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၄၈ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၄၆ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၆၄ ဦး၊ မွန်ပြည်နယ်မှ ၂၄ ဦး၊ ရခိုင်ပြည်နယ်မှ ၃၀၊ ရန်ကုန်တိုင်းဒေသကြီးမှ ၈၀၊ ရှမ်းပြည်နယ်မှ ၈၀၊ ဧရာဝတီတိုင်းဒေသကြီးမှ ၆၄ ဦးနှင့် နေပြည်တော်မှ ၁၆ ဦး စုစုပေါင်း ၅၅၄ ဦးနှင့် ကြီးကြပ်သူ ၆၄ ဦး ပါဝင်ကြောင်း သိရသည်။

**သတင်း - အောင်ရဲသွင်**
**အေးအေးသန့်**
**ဓာတ်ပုံ - ဖိုးပြည့်စုံ**

---

## ညောင်လေးပင်မြို့နယ်၌ ပျိုးထောင်ခြင်းဖြင့် စိုက်ပျိုးထားသော နွေစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ညောင်လေးပင် မေ ၂၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စမ်းကြီးကျေးရွာတွင် ပျိုးထောင်ခြင်းဖြင့် စိုက်ပျိုးထားရှိသော နွေစပါးစံကွက် ရိတ်သိမ်းပွဲကို ယနေ့နံနက် ၁၀ နာရီက တောင်သူဦးဟန်မောင်၏ လယ်မြေ ကေ ၅ ဒသမ ၆၀ တွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုး၊ ခရိုင်စိုက်ပျိုးကြီးကြပ်မှု ကော်မတီနှင့် ညောင်လေးပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဘုန်းမောင်၊ မြို့နယ်စိုက်ပျိုးကြီးကြပ်မှု ကော်မတီ အဖွဲ့ဝင်များနှင့် တောင်သူများ တက်ရောက်ကြသည်။



အဆိုပါ နွေစပါးစိုက်ခင်းတွင် ဆင်းသုခစပါးမျိုးအား ပျိုးထောင်၍ ပြောင်းရွှေ့စိုက်ပျိုးထားရှိပြီး ကောင်း၊ သင့်၊ ညံ့ စံကွက်သုံးကွက် ရိတ်သိမ်းမှုအပေါ်တွင် တစ်ဧက ပျမ်းမျှအစိုအထွက်တင်း ၁၃၂ ဒသမ ၇၇ တင်းထွက်ရှိခဲ့ပြီး အခြောက်တင်းအနေဖြင့် ၁၁၉ တင်းထွက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

---

## မြန်အောင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းနှင့် Biometric စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေး

**မြန်အောင် မေ ၂၄**

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်း၊ Biometric စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ရပ်ကွက်/ကျေးရွာများ၌ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက မြန်အောင်မြို့နယ် လဟာပေါက် ကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ဆောင်ရွက်ခဲ့သည်။



ကွင်းဆင်း ဆောင်ရွက်ရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြန်အောင်ခရိုင်ဦးစီးမှူး ဦးတင်မြိုင်နှင့် မြို့နယ်ဦးစီးမှူး ဦးတင်မောင်မြင့်တို့က သွားရောက်ကြည့်ရှုခဲ့ပြီး Biometric စာရင်းကောက်ယူခြင်းနှင့်ပတ်သက်၍ ကျေးရွာပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ခရိုင်ဦးစီးမှူးက ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။ **ဝင်းဗိုလ် (မြန်အောင်)**

---

## “နွေပန်းချီ” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် မေ ၂၄**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် မေ ၂၄ ရက် (သောကြာနေ့) ည ၉ နာရီတွင် “နွေပန်းချီ” တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော် တေးသံရှင်များဖြစ်ကြသည့် သန်းထွန်းလေး၊ စိုးအောင် (ကောင်းကင်ပြာ)၊ ဒံချပ်၊ ကောင်းမိုးယံ၊ ဈာန်ထူး၊ ချမ်းဟိန်းဝင်းထွန်း၊ ထင်လင်းအောင်၊ နေခြည်၊ ကုဋ္ဌာခင်၊ မြနန္ဒာနှင့် ထွန်းပပအောင်တို့က နွေရာသီ၏ သာယာလှပမှု ကြည်နူးဖွယ်မြင်ကွင်းများ၊ ချစ်ခင်တမ်းတလွမ်းမောဖွယ်ပုံရိပ်များအား သီကုံးဖွဲ့ဆိုထားသည့် တေးသီချင်းကောင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို မေ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်မှာရှိတဲ့ ခမ်းနားထည်ဝါသပ္ပာယ်လှတဲ့ ဘုရား၊ စေတီတွေကို လူရည်ချွန်မောင်မယ်တွေနဲ့အတူတူ ဖူးမြော်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်

မောင်စိုင်းရန်လင်းရွှေ (ကချင်ပြည်နယ်)

တွေ့ဆုံမေးမြန်း
အောင်ရဲသွင်၊ အေးအေးသန့်
ဓာတ်ပုံ
ဖိုးပြည့်စုံ

၂၀၂၃ – ၂၀၂၄ ပညာသင်နှစ်အတွက် ရွေးချယ်ခံရသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ နဝမတန်းလူရည်ချွန် ၁၄၀၊ ဒသမတန်း လူရည်ချွန် ၁၄၀၊ ဧကာဒသမတန်းလူရည်ချွန် ၁၃၇ ဦး၊ ဒွါဒသမတန်းလူရည်ချွန် ၁၃၇ ဦး၊ စုစုပေါင်းလူရည်ချွန် ကျောင်းသား ကျောင်းသူ ၅၅၄ ဦးနှင့် ကြီးကြပ်ဆရာ ဆရာမ ၆၄ ဦးတို့သည် ပုဂံ၊ တောင်ကြီး၊ ငွေဆောင်နှင့် ချောင်းသာ လူရည်ချွန်စခန်းအသီးသီးသို့ လေ့လာရေးခရီးစဉ်အဖြစ် သွားရောက်နိုင်ရေးအတွက် နေပြည်တော်စုရပ်စခန်း၌ စုစည်းရောက်ရှိနေကြပြီး နေပြည်တော်ရှိ အထင်ကရနေရာများအား သွားရောက်လေ့လာလျက်ရှိကြသည်။


ဒေါက်တာဦးကျော်လွင်


မောင်ဂျူးသက်ကို


မောင်စိုင်းရန်လင်းရွှေ


မထက်အံ့ရှား


မောင်ရန်နိုင်

အဆိုပါ လူရည်ချွန် ကျောင်းသားကျောင်းသူများသည် ယနေ့တွင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အား သွားရောက်ဖူးမြော် ကြည်ညိုကြရာ ခမ်းနားထည်ဝါစွာ ပူဇော်ထုဆစ်ထားသည့် စေတီ၊ ပုထိုး၊ ဗုဒ္ဓရုပ်ပွားတော်များအား မျက်မြင်ဖူးမြော်တွေ့ရှိရမှုနှင့် အံ့မခန်းဗိသုကာလက်ရာများဖြင့် တည်ဆောက်ထားသည့် သာသနိကအဆောက်အအုံများအား လေ့လာခွင့်ရရှိမှု ရင်တွင်းခံစားချက်များကို မေးမြန်းရေးသားတင်ပြလိုက်ရပါသည်။

**ဒေါက်တာဦးကျော်လွင်**
**(တာဝန်ခံ၊ နေပြည်တော် လူရည်ချွန်စုရပ်စခန်း)**

လူရည်ချွန် တွေဆိုတာက ဘက်စုံထူးချွန်တဲ့ ကျောင်းသားကျောင်းသူတွေ ဖြစ်ပါတယ်။ နောင်တစ်ချိန်မှာလည်း တိုင်းပြည်အတွက် အားကိုးအားထားရတဲ့ လူ့စွမ်းအား အရင်းအမြစ်တွေပဲဖြစ်ပါတယ်။ ဒါကြောင့် လူရည်ချွန်တွေကို ဒီနေ့ညနေက စပြီး နေပြည်တော်က မာရဝိဇယ ဘုရားကြီးနဲ့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို ဖူးမြော်စေပြီး မနက်ဖြန်မှာဆိုရင် စစ်သမိုင်းပြတိုက်နဲ့ အမျိုးသားပြတိုက်တွေကို လေ့လာရေးပို့ဆောင်မှာဖြစ်ပါတယ်။ ၂၆ ရက်မှာတော့ နိုင်ငံတော်အကြီးအကဲရဲ့ သြဝါဒခံယူပြီး ၂၇ ရက်မှာတော့ လူရည်ချွန် အပန်းဖြေစခန်း အသီးသီးကို သွားရောက်ကြမှာ ဖြစ်ပါတယ်။ အခုလို တစ်နိုင်ငံလုံးက လာရောက်ကြတဲ့ လူရည်ချွန်တွေကို အခုလိုစုစည်းပြီးတော့ တာဝန်ယူဆောင်ရွက် ပေးရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။

**မောင်ဂျူးသက်ကို**
**(ဧကာဒသမတန်း၊ လူရည်ချွန်နှစ်ထပ်ကွမ်း၊ မကွေးတိုင်းဒေသကြီး)**

လူရည်ချွန် ဖြစ်ဖို့ဆိုတာက ငယ်ငယ်ကတည်း ကျောင်းစာဘာသာရပ်တွေအပြင် အားကစားစတဲ့ ကဏ္ဍအလိုက် ကြိုးစားခဲ့ရတာပါ။ အခုလို ကြိုးစားခဲ့သမျှတွေ အမှန်တကယ် ဖြစ်လာခဲ့တဲ့အတွက်လည်း အလွန်ကိုဝမ်းသာမိပါတယ်။ အရင်နှစ်ကလည်း ကျွန်တော်က လူရည်ချွန်ဖြစ်ခဲ့ပြီး တောင်ကြီးမြို့နဲ့ အင်းလေးဒေသဘက်တွေကို လေ့လာရေးသွားခဲ့ရပါတယ်။ အခုသွားရမယ့် ငွေဆောင်ခရီးမှာ ဆိုရင်လည်း အတွေ့အကြုံတွေ အများကြီး ရလိမ့်မယ်လို့ ထင်မြင်မိပါတယ်။ ညီလေး၊ ညီမလေးတွေအနေနဲ့လည်း လူရည်ချွန်ဖြစ်ဖို့ ကြိုးစားစေချင်ပါတယ်။ လူရည်ချွန် ဖြစ်မယ်ဆိုရင် ဘဝအတွက်အခွင့်အလမ်းတွေ အများကြီးရရှိမှာဖြစ်ပါတယ်။ နေပြည်တော်မှာလည်း အခုလိုအထင်ကရ နေရာတွေကို လိုက်လံပို့ဆောင်ပေးတဲ့အတွက် ဝမ်းသာမိပါတယ်။ နေပြည်တော်မှာရှိတဲ့ ဘုရား၊ စေတီတော်မြတ်ကြီးတွေဟာ အလွန်ကို ခမ်းနားထည်ဝါပြီး ကြည်ညိုဖွယ်ရာ ကောင်းပါတယ်။ ဘုရားသမိုင်းတွေကို အသေးစိတ် လေ့လာခွင့်ရတဲ့အတွက် အကျိုးရှိတဲ့ လေ့လာရေးဖြစ်ခဲ့ပါတယ်။

**မောင်စိုင်းရန်လင်းရွှေ**
**(နဝမတန်း၊လူရည်ချွန် တစ်ထပ်ကွမ်း၊ ကချင်ပြည်နယ်)**

လူရည်ချွန် ဆိုတာက ကျွန်တော့်ဘဝမှာ အများကြီး မျှော်လင့်ကြိုးစား ထားခဲ့ရတဲ့ အရာတစ်ခု ဖြစ်ပါတယ်။ လူရည်ချွန်တစ်ယောက် ဖြစ်ဖို့ဆိုတာ ကျောင်းစာတစ်ခုတည်းတော်နေရုံနဲ့ မရပါဘူး။ စိတ်ဓာတ်ပိုင်း၊ စာရိတ္တပိုင်း၊ ကာယပိုင်းနဲ့ အထွေထွေ ဗဟုသုတပိုင်းတွေမှာ ထူးချွန်ရပါမယ်။ အခုလက်တွေ့ လူရည်ချွန်ဖြစ်လာတဲ့ အပေါ်မှာလည်း လွန်စွာပျော်ရွှင်မိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက လူရည်ချွန်ညီအစ်ကိုမောင်နှမတွေနဲ့အတူ လေ့လာရေးခရီးထွက်ရတဲ့ အတွက်လည်း အတိုင်းမသိ ဝမ်းသာမိပါတယ်။ ကျွန်တော့်အတွက် ဒေသန္တရဗဟုသုတ အသစ်တွေလည်း ရရှိခဲ့ပါတယ်။ ဒီနေ့တော့ နေပြည်တော်မှာရှိတဲ့ ခမ်းနားထည်ဝါသပ္ပာယ်လှတဲ့ဘုရား၊ စေတီတွေကို လူရည်ချွန်မောင်မယ်တွေနဲ့အတူတူ ဖူးမြော်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီကနေ သိရှိခဲ့ရတဲ့ အတွေ့အကြုံတွေကိုလည်း ကျွန်တော့်ဒေသရောက်ရင် ပြန်လည်မျှဝေပေးသွားမှာဖြစ်ပါတယ်။

**မထက်အံ့ရှား**
**(နဝမတန်း၊ လူရည်ချွန် တစ်ထပ်ကွမ်း၊ ကရင်ပြည်နယ်)**

ကျွန်မအနေနဲ့ ကရင်ပြည်နယ် ကိုယ်စားပြု လူရည်ချွန်အဖြစ် လေ့လာရေး လာရတဲ့အတွက် အလွန်ကို ဝမ်းသာဂုဏ်ယူမိပါတယ်။ လူရည်ချွန် ဆိုတာကလည်း အလွန်ကိုဖြစ်ချင်နေတဲ့ အိပ်မက်တစ်ခု ဖြစ်တဲ့အတွက်လည်း ပျော်ရွှင်မိပါတယ်။ လူရည်ချွန် တစ်ယောက်ဖြစ်ဖို့ ကြိုးစားခဲ့ရတဲ့ ခရီးလမ်းဟာ တော်တော်ခက်ခဲ ခဲ့ပါတယ်။ လူရည်ချွန် တစ်ယောက်ဖြစ်ဖို့ ကျောင်းစာတင်မကဘဲ ဘက်စုံတော်အောင် ကြိုးစားခဲ့ရပါတယ်။ အခုလို လေ့လာရေးခရီးစဉ်တွေမှာလည်း ကျွန်မလိုလူရည်ချွန်မောင်မယ်တွေနဲ့ အတူတကွသွားရတဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။ လူရည်ချွန် အချင်းချင်းလည်း အတွေ့အကြုံတွေ မျှဝေကြတဲ့ အတွက်လည်း ဗဟုသုတများစွာ ရရှိခဲ့ပါတယ်။ နေပြည်တော်မှာရှိတဲ့ လေ့လာစရာနေရာတွေ ဘုရားတွေကို လိုက်လံပို့ဆောင်ပေးတဲ့အတွက်လည်း တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိပါတယ်။

**မောင်ရန်နိုင်**
**(ဒွါဒသမတန်း၊ လူရည်ချွန် သုံးထပ်ကွမ်း၊ ရှမ်းပြည်နယ်)**

အခုလို လူရည်ချွန် မောင်မယ်များနဲ့အတူ ကျွန်တော့် ပြည်နယ်ကိုယ်စားပြုလာရတဲ့ အတွက် အလွန့်ကို ဂုဏ်ယူမိပါတယ်။ ကိုယ့်မြို့နယ်၊ ကျောင်းနဲ့ ပြည်နယ်အတွက်လည်း ဂုဏ်ဆောင်ပြီးသား ဖြစ်စေပါတယ်။ လူရည်ချွန် တစ်ယောက်ဖြစ်ဖို့အတွက် မလွယ်ကူခဲ့ပါဘူး။ ဖွဲ၊ လုံ့လ၊ ဝီရိယ ပေါင်းစပ်ပြီး ကြိုးစားခဲ့ရပါတယ်။ ကျွန်တော်က လူရည်ချွန် သုံးထပ်ကွမ်းဖြစ်တဲ့အတွက် နှစ်တိုင်းကို ခက်ခက်ခဲခဲ ကြိုးစားခဲ့ရပါတယ်။ ကျွန်တော်တို့လို လူရည်ချွန်တွေကို လေ့လာရေးခရီးစဉ် ပို့ဆောင်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်လို့ ပြောကြားလိုပါတယ်။ ဒီလိုလေ့လာရေး ခရီးစဉ်တွေကတစ်ဆင့် အတွေ့အကြုံအသစ်တွေ အများကြီး ရရှိလာမှာဖြစ်ပါတယ်။ အခုဆို နေပြည်တော်က ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးနဲ့ မာရဝိဇယ စေတီတော်မြတ်ကြီးကို ဖူးမြော်ရတဲ့ အတွက်လည်း ရင်ထဲမှာ အတောလေး အေးချမ်းမှုကို ရရှိခဲ့ပါတယ်။ ■

## လှည်းကူးမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးထားသော နွေစပါးစံကွက် ရိတ်သိမ်း

လှည်းကူး မေ ၂၄

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်း စပါးအထွက်နှုန်းများတိုးတက်စေရေး တောင်သူအသိပညာပေးခြင်းလုပ်ငန်းများနှင့် စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးထားရှိသည့် နံ့ကောက်ထွန်းနွေစပါးများအား စံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ဝါးနက်ကုန်းကျေးရွာ တောင်သူ ဦးကိုကိုလေး၏ နံ့ကောက်ထွန်းစပါးမျိုးစံပြစိုက်ခင်းတွင် ကျင်းပသည်။



ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းအောင်က တောင်သူများ သာမန်ကြဲခင်းစနစ် စိုက်ပျိုးခြင်းမှ ပိုမိုအထွက်တိုးစေသော စပါးမျိုးစေ့ချကိရိယာ အသုံးပြုရခြင်း၏ အကျိုးကျေးဇူးများနှင့် မျိုးစေ့ချကိရိယာစနစ်ဖြင့် ပိုမိုတိုးတက် စိုက်ပျိုးလာနိုင်စေရေး သိရှိနိုင်ရန် လက်တွေ့ရိတ်သိမ်းပြသရခြင်း ဖြစ်ကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးထားရှိသည့် နံ့ကောက်ထွန်းနွေစပါးများ စံကွက်ရိတ်သိမ်းပွဲ ၁၀ ဧကကို စပါးခြွေလှေ့စက်ဖြင့် စံကွက်ရိတ်သိမ်းခဲ့ကြရာတွင် တစ်ဧကအစိုအထွက်နှုန်းအနေဖြင့် တင်း ၁၃၀ နှုန်းနှင့် တစ်ဧကအခြောက်အထွက်နှုန်းအနေဖြင့် ၁၁၇ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

မြင့်ဦး



## မြို့မဈေးကြီးတွင် မီးဘေးကာကွယ်ရေး သရုပ်ပြ

လက်ပံတန်း မေ ၂၄

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ စည်ပင်သာယာမြို့မဈေးကြီးတွင် မေ ၂၃ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူး ဦးလင်းကျော်နှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခြင်းကို လက်တွေ့သရုပ်ပြသရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးထွန်းမြိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဝင်းစန်းနှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများမှ ကြည့်ရှုအားပေးကြသည်။

အောင်ဆင့်

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် မေ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# စားသုံးဆီများ ကျန်းမာရေးနှင့်ညီညွတ်၍ ဖူလုံစွာသုံးစွဲနိုင်ရေး ဘက်ပေါင်းစုံမှ ကြိုးပမ်းနေ

**သျှင်မေ**



ထမင်းနဲ့ဟင်း တွဲဖက်စားသုံးတဲ့ မိမိတို့နိုင်ငံမှာ ဟင်းလျာတွေ ကြော်လှော်ချက်ပြုတ်တဲ့အခါ မဖြစ်မနေ "ဆီ"ကို အသုံးပြုကြပါတယ်။ ဆီက မရှိမကောင်း၊ ရှိမကောင်း၊ စားလည်းမကောင်း၊ မစားလည်းမကောင်းတဲ့ အရာတစ်ခုပါ။

ခန္ဓာကိုယ်အတွက် လိုအပ်တဲ့စွမ်းအင်ကို ဆီကနေရနိုင်ပေမယ့် ပမာဏများများ လိုအပ်တာတော့မဟုတ်ပါဘူး။ ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ ပမာဏထက် ပိုမိုစားသုံးမိမယ်ဆိုရင် နှလုံးသွေးကြောကျဉ်းတာ၊ အသည်းအဆီဖုံးတာနဲ့ လေဖြတ်တာတွေကို အများဆုံးရင်ဆိုင်ရနိုင်ပါတယ်။ နေ့စဉ်စားသောက်ကုန်တွေအားလုံးမှာ ဆီကိုရှောင်တယ်လို့ ဘယ်လောက်ပြောပြော အစာစားနေသရွေ့ ဆီရှောင်နိုင်ဖို့ မလွယ်ကူပါဘူး။ ဆီရဲ့ ဆိုးကျိုးတွေကိုသိပြီး ကိုယ့်အကြိုက် ကိုယ့်ဝင်ငွေနဲ့လည်းကိုက်ညီ၊ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ဆီကို ရွေးချယ်သုံးနိုင်ဖို့ လိုအပ်ပါတယ်။

မြန်မာနိုင်ငံမှာ နှစ်စဉ်စားသုံးဆီသုံးစွဲမှုက တန်ချိန် ၁၂ သိန်းခန့်ရှိပါတယ်။ ပြည်တွင်းထုတ်လုပ်နိုင်မှုက တန်ချိန် သုံးသိန်းခန့်သာရှိနေပြီး ပျမ်းမျှအားဖြင့် နှစ်စဉ်တန်ချိန် ကိုးသိန်းခန့်ကို ပြည်ပကနေ တင်သွင်းနေရပါတယ်။ ဆီအများစုကို အင်ဒိုနီးရှားနိုင်ငံကနေ တင်သွင်းနေပြီး မလေးရှားနဲ့



ထိုင်းနိုင်ငံတို့ကလည်း ဆီတင်သွင်းကာ ပြည်တွင်းမှာ ဖြန့်ဖြူးရောင်းချပါတယ်။

### မပြည့်ဝဆီနဲ့ ပြည့်ဝဆီ

ဆီကို ဓာတ်ခွဲစမ်းသပ်မယ်ဆိုရင် မပြည့်ဝဆီနဲ့ ပြည့်ဝဆီတွေနဲ့ ဖွဲ့စည်းထားပါတယ်။ မပြည့်ဝဆီက ကျန်းမာရေးနဲ့ညီညွတ်ပြီး ပြည့်ဝဆီကတော့ ကျန်းမာရေးကို ထိခိုက်နိုင်တဲ့အတွက် ဆီရွေးချယ်တဲ့အခါ ပြည့်ဝဆီနည်းနိုင်သမျှ အနည်းဆုံးနဲ့ မပြည့်ဝဆီ များများပါတဲ့ဆီတွေကို ရွေးချယ်စားသုံးသင့်ပါတယ်။ ဆီကို ဆီထွက်သီးနှံတွေကနေ ရရှိသလို တိရစ္ဆာန်တွေဆီကနေလည်း ရရှိပါတယ်။ ပုံမှန်အားဖြင့်တော့ သီးနှံတွေကနေ ရရှိတဲ့ဆီတွေက မပြည့်ဝဆီ ပိုမိုပါဝင်နေတတ်ပါတယ်။ ကမ္ဘာပေါ်မှာ စားသုံးဆီထုတ်လုပ်တဲ့ ဆီထွက်သီးနှံအမျိုးမျိုးအနက် အဓိကအားဖြင့် လေးမျိုးရှိပါတယ်။ ပဲပုပ်ဆီ၊ နေကြာဆီ၊ မုန်ညင်းဆီနဲ့ စားအုန်းဆီတို့ဖြစ်ပြီး မြန်မာနိုင်ငံမှာတော့ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီနဲ့ နိုင်ငံခြားကနေ တင်သွင်းလာတဲ့ စားအုန်းဆီတွေကို အဓိကထားပြီး စားသုံးနေကြပါတယ်။

ဆီစားသုံးမှုက မိမိတို့တစ်နိုင်ငံတည်းမဟုတ်ဘဲ ကမ္ဘာအရပ်ရပ်မှာ စားသုံးကြပါတယ်။ အသုံးအများဆုံးကတော့ ပဲပုပ်စေ့ကနေ ရရှိတဲ့ ပဲပုပ်ဆီဖြစ်ပြီး ကမ္ဘာ့ဆီသီးနှံထွက်ရှိမှုရဲ့ ၅၈ ရာခိုင်နှုန်းရှိပါတယ်။ အမေရိကန်၊ ဘရာဇီး၊ အာဂျင်တီးနား၊ အိန္ဒိယနဲ့ တရုတ်နိုင်ငံတွေမှာ ပဲပုပ်စိုက်ပျိုးမှုကနေ အဓိကထုတ်လုပ်နေကြတာကို တွေ့ရှိရပါတယ်။ မုန်ညင်းဆီကတော့ ဆီပါဝင်မှု ၄၀ ရာခိုင်နှုန်းရှိသလို ဆီထွက်ရှိမှုက ၁၈ ရာခိုင်နှုန်းခန့်ရှိပါတယ်။ ဥရောပနိုင်ငံတွေနဲ့ တရုတ်၊ ကနေဒါ၊ ဩစတြေးလျနိုင်ငံတွေမှာ အများဆုံးထွက်ရှိပါတယ်။ ကမ္ဘာပေါ်မှာ တတိယအများဆုံး အသုံးပြုတဲ့ဆီကတော့ နေကြာဆီဖြစ်ပါတယ်။ နေကြာစေ့မှာ ဆီပါဝင်မှု ၂၂ ရာခိုင်နှုန်းကနေ ၃၂ ရာခိုင်နှုန်းအထိရှိပြီး ကမ္ဘာ့ဆီထွက်သီးနှံထုတ်လုပ်မှုရဲ့ ၈ ရာခိုင်နှုန်းအထက်ရှိပါတယ်။ ရုရှား၊ ယူကရိန်းနဲ့ အာဂျင်တီးနားနိုင်ငံတွေမှာ အများဆုံးထုတ်လုပ်ကြတာကို မြင်တွေ့ရပါတယ်။

မြန်မာနိုင်ငံမှာတော့ အဓိကအများဆုံး စားသုံးကြတဲ့ ဆီတွေအနက် မြေပဲဆီက မပြည့်ဝဆီ ပါဝင်မှုများလို့ ကျန်းမာရေးနဲ့ သင့်တော်တဲ့ ဆီအမျိုးအစားတစ်ခုဖြစ်ပါတယ်။ ပြည့်ဝဆီပါဝင်မှုနည်းတဲ့အတွက် ကိုလက်စထရော မပါဝင်တာကြောင့် နှလုံးရောဂါ၊ လေဖြတ်နဲ့ အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်စေနိုင်ပါတယ်။ အိုမီဂါ ၆ နဲ့ ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ အခြားအာဟာရတွေပါဝင်တဲ့အပြင် အခြားဆီတွေနဲ့ နှိုင်းယှဉ်ရင် အပူချိန်မြင့်မြင့်နဲ့ ကြော်လှော်ခြင်းကို ခံနိုင်ရည်ရှိတယ်လို့ သိရပါတယ်။

ထို့အတူပဲ အနံ့အရသာနဲ့ ပြည့်စုံတဲ့ နှမ်းဆီကိုလည်း ပြည်တွင်းမှာ အသုံးပြုကြပါတယ်။ နှမ်းဆီမှာ Antioxidant နဲ့ Polyunsaturated ကြွယ်ဝစွာပါဝင်လို့ သွေးပေါင်ချိန်ထိန်းညှိမှုကို ပံ့ပိုးပေးနိုင်ပါတယ်။ ထို့အတူ ဗီတာမင်အီးပါဝင်လို့ သွေးတွင်းအဆီများ ချေဖျက်ရာမှာ အသုံးဝင်တဲ့အတွက် ခန္ဓာကိုယ်လှပကျော့ရှင်းစေဖို့ မရှိမဖြစ် သုံးစွဲသင့်တဲ့ ဆီအမျိုးအစားဖြစ်ပါတယ်။ ထို့အတူ ကော့ပါး၊ မဂ္ဂနီဆီယမ်နဲ့ မဂ္ဂနီဆီယမ်တို့ ကြွယ်ဝစွာ ပါဝင်လို့ အဆစ်အမြစ်ရောင်ရမ်းတာ၊ အရိုးနဲ့ အူလမ်းကြောင်းပြဿနာ၊ သွေးကြောပြဿနာတွေကို အကောင်းဆုံးဖြေရှင်းပေးနိုင်တဲ့ ဆီအမျိုးအစားဖြစ်ပါတယ်။

ပြည်တွင်းမှာ အဓိကသုံးစွဲကြတဲ့ နောက်ထပ်ဆီထွက်သီးနှံကတော့ နေကြာဖြစ်ပါတယ်။ နေကြာဆီမှာ ပြည့်ဝဆီပါဝင်မှု ၁၀ ရာခိုင်နှုန်းသာရှိတာမို့ အခြားဆီတွေထက် အသုံးပြုဖို့ အသင့်တော်ဆုံးဖြစ်ပြီး ချက်ပြုတ်ရာတင်သာမက အလှကုန်အဖြစ်လည်း သုံးစွဲနိုင်ပါတယ်။ ဗီတာမင်အီး ကြွယ်ဝတဲ့အတွက် အရွယ်တင်နုပျိုခြင်း၊ သွေးတွင်းကိုလက်စထရောများ လျှော့ချပေးနိုင်ခြင်းစတဲ့ ကောင်းကျိုးတွေကို အသုံးပြုရင်း ရရှိစေပါတယ်။

### ဆီထွက်သီးနှံအထွက်တိုးစေဖို့ ကြပ်မတ်ဆောင်ရွက်

မိမိတို့နိုင်ငံမှာ ဆီထွက်သီးနှံတွေ ပိုမိုစိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်းစားသုံးဆီ လိုအပ်ချက်ကို ပြည့်မီနိုင်စေရေးအတွက် နိုင်ငံတော်က ရည်မှန်းချက်ထားရှိပြီး ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄)မှာ ဆီထွက်သီးနှံနှင့်ပတ်သက်လို့ နိုင်ငံအနေနဲ့ နှစ်စဉ်ပြည်ပက စားသုံးဆီတွေကို တင်သွင်းနေရပြီး ပြည်တွင်းကထွက်ရှိတဲ့ ဆီထွက်သီးနှံထွက်ကုန်တွေကိုတော့ ပြည်ပကို တင်ပို့နေရကြောင်း၊ ဆီထွက်သီးနှံများ အထွက်နှုန်းပြည့်ဝစွာထွက်ရှိနိုင်ရေးနှင့် အချက်အလက် မှန်ကန်စွာရယူနိုင်ရေး အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် အချက်(၄)ချက်သည် အဓိကအရေးကြီးသဖြင့် စနစ်တကျဖြင့် အသုံးချရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က တွန်းအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ဆီထွက်သီးနှံများကို တစ်ဧကအထွက်နှုန်းအတိုင်း ပြည့်ဝစွာထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးဆီလိုအပ်ချက်များကို များစွာဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် ပြည်ပငွေသုံးစွဲမှု များစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားထားပါတယ်။

ပြည်တွင်းစားသုံးဆီလိုအပ်ချက် ပြည့်မီစေဖို့ အထူးစီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ၂၀၂၄-၂၀၂၅ ခုနှစ်ကနေစတင်ပြီး မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံတွေကို ဇုန်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပါတယ်။ ဆီထွက်သီးနှံတွေ စိုက်ပျိုးရမယ့်ပမာဏအတိုင်း စိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်းရရှိစေဖို့ ရှေ့ပြေးလုပ်ငန်းစဉ်အဖြစ် ၂၀၂၃-၂၀၂၄ ခုနှစ် စိုက်ပျိုးရာသီမှာ မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံသုံးမျိုးကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကနေ သွင်းအားစု ပံ့ပိုးပေးတဲ့စနစ်နဲ့ စီမံကိန်းရေးဆွဲတာတွေအပြင် ချေးငွေပံ့ပိုးမှုအနေနဲ့ မြေပဲတစ်ဧကငွေကျပ် သုံးသိန်း၊ နှမ်းတစ်ဧကငွေကျပ် ၁ ဒသမ ၅ သိန်းနဲ့ နေကြာတစ်ဧကငွေကျပ် နှစ်သိန်းနဲ့ ညီမျှတဲ့ သွင်းအားစုတွေ ထောက်ပံ့ပေးခဲ့ပါတယ်။

### အထူးဇုန်များဖော်ဆောင်နေ

ယခုဘဏ္ဍာနှစ်အတွင်းမှာပဲ ဆီထွက်သီးနှံကို အထူးဇုန်တွေအနေနဲ့ စိုက်ဧက သုံးသန်းစိုက်ပျိုးသွားမှာဖြစ်ပြီး မြေပဲ၊ နှမ်း၊ နေကြာတွေကို မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တို့မှာ အထူးဇုန်တွေ သတ်မှတ်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဆီထွက်သီးနှံအထူးဇုန်တွေဖော်ဆောင်ရာမှာ တောင်သူတွေကို မျိုးစေ့နဲ့ သွင်းအားစုရရှိအောင် စီစဉ်ပေးမယ့်အပြင် မြေဆီလွှာပညာရှင်တွေ၊ မျိုးစေ့ပညာရှင်တွေနဲ့ ပိုးမွှားရောဂါကာကွယ်ရေး ပညာရှင်တွေ၊ အထူးအရာရှိတွေပါဝင်တဲ့ ပညာရှင်အဖွဲ့က ဒေသအလိုက် မြေပဲ၊ နှမ်း၊ နေကြာစတဲ့ အသိပညာပေး စည်းရုံးဟောပြောခြင်းတွေ၊ အထူးဇုန်အတွင်း ပါဝင်မယ့် တောင်သူတွေကို မိရိုးဖလာစိုက်ပျိုးနည်းစနစ်ထက် သွင်းအားစုလိုအပ်ချိန်မှာ သွင်းအားစု အချိန်မှန်ထည့်သွင်းနိုင်ဖို့

**စာမျက်နှာ ၁၁ သို့ ✧**

**❝ ပြည်တွင်းမှာ လိုအပ်တဲ့ဆီတွေကို နှစ်စဉ် ပြည်ပကနေ အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော်ဖိုး တင်သွင်းနေရတဲ့အတွက် နိုင်ငံခြားငွေ ပိုမိုသုံးစွဲနေရတဲ့အတွက် အခုလို နိုင်ငံ့စီးပွားရန်ပုံငွေသုံးစွဲပြီး ပြည်တွင်းဆီထုတ်လုပ်မှုကို မြှင့်တင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးရေးကဏ္ဍ လိုအပ်ချက်တွေကို ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးကော်မတီကနေ ဦးစီးလုပ်ဆောင်နေပြီး အဆင့်မီဆီစက်တွေ တပ်ဆင်တာ၊ အသစ်တည်ဆောက်တာနဲ့ လက်ရှိဆီစက်တွေ အဆင့်မြှင့်တင်တာတွေကိုတော့ ဆီစက်ချေးငွေ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့တွေက ဆောင်ရွက်ပေးနေတာကိုလည်း မြင်တွေ့ရပါတယ် ❞**

# ၂၀၂၄ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၂၄**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းဖွင့်ပွဲများကို မေ ၂၂ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးရှိ အင်းယားရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၉၇ ဦး၊ ကိုကိုးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၃ ဦး၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၇၀ နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၅ ဦးတို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(ရေ) ရေကြောင်းလူငယ်သင်တန်းစခန်း ၁၀ ခုမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၁၈ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။



**လေ့ကျင့်သင်ကြားပေး**

အလားတူ တပ်မတော်(လေ)က နေပြည်တော် ကောင်စီနယ်မြေရှိ နေပြည်တော်သင်တန်းစခန်းတွင် သင်တန်းသား ၇၀၊ မိတ္ထီလာမြို့ရှိ မြန်မာပြည်မြောက်ပိုင်းသင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ မိတ္ထီလာသင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ မန္တလေးမြို့ရှိ မန္တလေးသင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ မြစ်ကြီးနားမြို့ရှိ မြစ်ကြီးနားသင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ တောင်ကြီးမြို့ရှိ တောင်ကြီးသင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ နမ့်စန်မြို့ရှိ နမ့်စန်သင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ ကျိုင်းတုံမြို့ရှိ ကျိုင်းတုံသင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ တောင်ငူမြို့ရှိ တောင်ငူသင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ ပြည်မြို့ရှိပြည်သင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ မကွေးမြို့ရှိ မကွေးသင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ ပုသိမ်မြို့ရှိ ပုသိမ်သင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ ရန်ကုန်မြို့ရှိ ရန်ကုန်သင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ မှော်ဘီမြို့ရှိ မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ မြိတ်မြို့ရှိ မြိတ်သင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ မော်လမြိုင်မြို့ရှိ မော်လမြိုင်သင်တန်းစခန်းတွင် သင်တန်းသား ၅၀၊ ကိုကိုးကျွန်းမြို့ရှိ ကိုကိုးကျွန်းသင်တန်းစခန်းတွင် သင်တန်းသား ၃၀ တို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(လေ) လေကြောင်းလူငယ်သင်တန်းစခန်း ၁၇ ခုမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၅၀ တို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



---

✧ စာမျက်နှာ ၁၀ မှ

ရောဂါပိုးမွှားများ ကျရောက်တဲ့အခါ အချိန်မီကာကွယ်နိုင်ဖို့၊ ရေလိုအပ်ချိန် စိုက်ပျိုးရေဖြည့်ဆည်းနိုင်ဖို့ ပေါင်းစပ်ဆောင်ရွက်ခြင်းနည်းလမ်းတွေနဲ့ အထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဆီထွက်သီးနှံ စိုက်ပျိုးဧက ၈ ဒသမ ၃ သန်း ခန့်ရှိတဲ့အနက် ဧက ၃ သန်းကို ကနဦးအနေနဲ့ ဆီထွက်သီးနှံ အထူးဇုန်အဖြစ် စတင်အကောင်အထည်ဖော်နေတာပါ။

**ပြည်တွင်းမှာ လိုအပ်တဲ့ဆီတွေကို နှစ်စဉ်ပြည်ပကနေ အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော်ဖိုး တင်သွင်းနေရတဲ့အတွက် နိုင်ငံခြားငွေ ပိုမိုသုံးစွဲနေရတဲ့အတွက် အခုလို နိုင်ငံ့စီးပွားရန်ပုံငွေသုံးစွဲပြီး ပြည်တွင်းဆီထုတ်လုပ်မှုကို မြှင့်တင်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးရေးကဏ္ဍ လိုအပ်ချက်တွေကို ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးကော်မတီကနေ ဦးစီးလုပ်ဆောင်နေပြီး အဆင့်မီဆီစက်တွေ တပ်ဆင်တာ၊ အသစ်တည်ဆောက်တာနဲ့ လက်ရှိ ဆီစက်တွေ အဆင့်မြှင့်တင်တာတွေကိုတော့ ဆီစက်ချေးငွေစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့တွေက ဆောင်ရွက်ပေးနေတာကိုလည်း မြင်တွေ့ရပါတယ်။**

**ဆီစက်များအတွက် ဖြည့်ဆည်းပေးနေ**

ပြည်တွင်းထုတ်လုပ်မှုစာရင်းတွေအရ ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းအထိ တစ်နိုင်ငံလုံးမှာ အကြီးစားဆီစက် ၂၃၀ ကျော်၊ အလတ်စားဆီစက် ၉၂၀ ကျော်နဲ့ တစ်နိုင်တစ်ပိုင် ဆီစက်ငယ် ၃၁၀၀ ကျော်ရှိပါတယ်။ တစ်နှစ်ကို စားသုံးဆီထုတ်လုပ်မှုကတော့ တန်ချိန် ၆၆၀၀၀ ကျော်ရှိပြီး ပြည်တွင်းလိုအပ်ချက်ကတော့ လက်ရှိအချိန်အထိ လိုအပ်နေဆဲပဲ ဖြစ်ပါတယ်။ မြန်မာ့ဆီထွက်သီးနှံတွေ ပြည်ပကို ကုန်ကြမ်းလုံးဆန်အတိုင်း တင်ပို့ရောင်းချခြင်းတွေနဲ့ ပြည်တွင်း ရိုးရာပုံစံစားသုံးမှုတွေကြောင့် ဆီစက်တွေ ကုန်ကြမ်းရရှိဖို့ ခက်ခဲနေရပြီး စက်စွမ်းအားအပြည့် မလည်ပတ်နိုင်ကြတာကိုလည်း မြင်တွေ့ရပါတယ်။

**ပြည်တွင်းစားသုံးဆီဈေးကွက်မှာ ပြည်ပကနေ တင်သွင်းလာတဲ့ စားအုန်းဆီတွေရဲ့ ဈေးနှုန်းကို မယှဉ်နိုင်တာ၊ ဓာတုဗေဒပစ္စည်းအသုံးပြု အရောင်၊ အနံ့များ ပေါင်းစပ်ထားတဲ့ ပြုပြင်ရောင်းချတဲ့ဆီတွေက ဈေးကွက်မှာ စားသုံးသူတွေ လက်ခံသုံးစွဲနေကြတာကလည်း ပြည်တွင်းဆီစက်တွေအဖို့ အခက်အခဲတစ်ရပ်ဖြစ်ပါတယ်။ ကုန်ကြမ်းရရှိမှု အားနည်းခြင်းနဲ့ ကုန်ချောကို ဈေးကွက်မှာ မမှန်မကန်များအကြား ယှဉ်ပြိုင်နေရခြင်းကလည်း ပြည်တွင်းဆီစက်လုပ်ငန်းများကို များစွာအထိနာစေခဲ့ပါတယ်။**

**❛ ပြည်တွင်းစားသုံးဆီဈေးကွက်မှာ ပြည်ပကနေ တင်သွင်းလာတဲ့ စားအုန်းဆီတွေရဲ့ ဈေးနှုန်းကို မယှဉ်နိုင်တာ၊ ဓာတုဗေဒပစ္စည်းအသုံးပြုအရောင်၊ အနံ့များ ပေါင်းစပ်ထားတဲ့ ပြုပြင်ရောင်းချတဲ့ဆီတွေက ဈေးကွက်မှာ စားသုံးသူတွေ လက်ခံသုံးစွဲနေကြတာကလည်း ပြည်တွင်းဆီစက်တွေအဖို့ အခက်အခဲတစ်ရပ် ဖြစ်ပါတယ်။ ကုန်ကြမ်းရရှိမှု အားနည်းခြင်းနဲ့ ကုန်ချောကို ဈေးကွက်မှာ မမှန်မကန်များအကြား ယှဉ်ပြိုင်နေရခြင်းကလည်း ပြည်တွင်း ဆီစက်လုပ်ငန်းများကို များစွာအထိနာစေခဲ့ပါတယ် ❜**

နိုင်ငံတော်အနေနဲ့ ဆီကြိတ်ခွဲထုတ်လုပ်ဖို့အတွက် ငွေကြေးအရင်းအနှီးလိုအပ်ပြီး ချေးငွေမရရှိသေးတဲ့ ဆီစက်လုပ်ငန်းရှင်တွေကို ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေအဖြစ် တစ်ဦးကို အများဆုံးငွေကျပ်သိန်း ၃၀၀၀ အထိ ထပ်မံထုတ်ချေးပေးသွားမယ်လို့ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့က ပြီးခဲ့တဲ့လက ကြေညာချက်ထုတ်ပြန်ထားပါတယ်။ ဆီစက်လုပ်ငန်းရှင်တွေကို ထုတ်ချေးပေးမယ့် ချေးငွေပမာဏကတော့ လုပ်ငန်းသုံး လည်ပတ်ရင်းနှီးငွေ (working capital) အတွက် ငွေကျပ်သိန်း ၁၀၀ ကနေ ငွေကျပ်သိန်း ၃၀၀၀ အထိ၊ မတည်ရင်းနှီးငွေ (Fixed Capital)အတွက် ငွေကျပ်သိန်း ၂၀၀ မှ အများဆုံး ငွေကျပ်သိန်း ၃၀၀၀ အထိဖြစ်တယ်လို့ သိရပါတယ်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလအထိ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ခုနစ်ခုတို့မှ ဆီစက်ပိုင်လုပ်ငန်းရှင် ၂၁ ဦး ဆီစက်ချေးငွေအဖြစ် ငွေကျပ် ၁၇၇၃ သန်း ထုတ်ချေးထားခဲ့တဲ့အတွက် ပြည်တွင်းဆီစက်များ ပြန်လည်ဦးမော့လာကာ ထုတ်လုပ်မှုတိုးတက်လာနိုင်တာနဲ့အမျှ ပြည်သူတွေ စားဆီသုံးစွဲမှုစရိတ် လျှော့ချလာနိုင်မယ်လို့ ခန့်မှန်းရပါတယ်။

ဒေသတွင်းထွက်ရှိတဲ့ မြေပဲ၊ နှမ်းနဲ့ နေကြာအစရှိတဲ့ ဆီထွက်သီးနှံတွေကို အရည်အသွေးမြင့်ထုတ်ကုန်တွေအဖြစ် ထုတ်လုပ်ရောင်းချနိုင်လာတဲ့အခါ စားသုံးသူတွေအနေနဲ့လည်း ဘေးအန္တရာယ်ကင်းရှင်းစွာနဲ့ စားသုံးနိုင်မှာဖြစ်သလို ပြုပြင်ရောနှောထားတဲ့ ကျန်းမာရေးနဲ့မညီညွတ်တဲ့ဆီတွေကို သုံးစွဲနေရခြင်းကနေလည်း များစွာလျော့နည်းသွားစေမှာဖြစ်တဲ့အပြင် စားသုံးဆီတွေရဲ့ စံချိန်စံညွှန်းနဲ့ အရည်အသွေးကို ထိန်းချုပ်မြှင့်တင်ခြင်းကနေ ပြည်ပကို တင်ပို့နိုင်တဲ့အထိ မျှော်မှန်းဆောင်ရွက်ခြင်းဖြင့် ကျန်းမာတဲ့ နေ့စဉ်ဘဝတွေအတွက် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

# မြောင်းမြပညာရေးဒီဂရီကောလိပ် ပညာရေးဘွဲ့ စာပေးစာယူ (၃/၂၃) ဒုတိယနှစ်သင်တန်းဖွင့်ပွဲ ကျင်းပ



မြောင်းမြ မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်ရှိ မြောင်းမြပညာရေးဒီဂရီကောလိပ်တွင် ပညာရေးဘွဲ့ စာပေးစာယူ (၃/၂၃) ဒုတိယနှစ် သင်တန်းဖွင့်ပွဲကို မြရတုခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားခွင့်ရရှိစေရေး ဆရာ ဆရာမများက ကြိုးစားဆောင်ရွက်ကြရန်၊ နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာစေရေးအတွက် မွေးထုတ်သင်ကြားပေးရမည့် ဆရာဆရာမများသည် စံနမူနာယူထိုက်သည့် ဆရာဆရာမများ ဖြစ်ရန်လိုကြောင်း စသည်ဖြင့် သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြောင်းမြပညာရေးဒီဂရီကောလိပ်အတွက် အလှူငွေကျပ် ငါးသိန်းကို ပေးအပ်ပြီး တက်ရောက်လာကြသည့် သင်တန်းသား သင်တန်းသူ ၁၉၅ ဦးတို့အား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းငွေးနှင့် အဖွဲ့ဝင်များ၊ မြောင်းမြပညာရေးဒီဂရီကောလိပ်မှ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပုဂ္ဂလိက ဆရာအတတ်ပညာလက်မှတ်သင်တန်း(မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်) ဖွင့်ပွဲ ကျင်းပ



တောင်ကြီး မေ ၂၄

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန တောင်ကြီးပညာရေးဒီဂရီကောလိပ် ပုဂ္ဂလိကဆရာအတတ်ပညာ လက်မှတ်သင်တန်း (မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် တောင်ကြီး ပညာရေးဒီဂရီကောလိပ် ကမ္ဘောဇခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က သင်တန်းတက်ရောက်ခွင့် ရရှိမည့် သင်တန်းသား သတ်မှတ်ချက်တွင်အရေးကြီးသော အချက်တစ်ချက်မှာ ကိုယ်ပိုင်ကျောင်းတစ်ခုခုတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာ ဆရာမများသည် နိုင်ငံရေးကင်းရှင်းမှု ရှိရမည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းက ပို့ချသော သင်ကြားနည်းစနစ်များနှင့်တကွ သိသင့်သော အသိပညာများကို သင်တန်းကာလအတွင်း မိမိတို့၏ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ သင်ယူမှတ်သားကြရန် ပြောကြားသည်။

ဆက်လက်၍ သင်တန်းနှင့်ပတ်သက်၍ တောင်ကြီးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ် ဆရာမကြီး ဒေါ်နှင်းကြူဦးက ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ရာ တောင်ကြီးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ် ဆရာမကြီးက လက်ခံရယူကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကြောင်း သိရသည်။

အဆိုပါ ပုဂ္ဂလိက ဆရာအတတ်ပညာလက်မှတ် သင်တန်း (မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်) သင်တန်းကို တောင်ကြီးပညာရေးဒီဂရီကောလိပ်တွင် မူလတန်းအဆင့် ကျား ရှစ်ဦး၊ မ ၁၄၁ ဦး စုစုပေါင်း ၁၄၉ ဦး၊ အလယ်တန်းအဆင့်တွင် ကျား ၃၃ ဦး၊ မ ၁၆၉ ဦး စုစုပေါင်း ၂၀၂ ဦး တက်ရောက်ရန် စာရင်းရရှိထားကြောင်းနှင့် သင်တန်းကာလကို မေ ၂၃ ရက်မှ မေ ၈ ရက်အထိ ၁၁ ရက် သင်ကြားပို့ချမည်ဖြစ်ပြီး စာမေးပွဲကာလကို မေ ၁၁ ရက်မှ ၁၈ ရက်ထိ ဖြေဆိုသွားမည်ဖြစ်ကြောင်း၊ သင်တန်းမှ ပုဂ္ဂလိကဆရာအတတ်ပညာလက်မှတ် (မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်) Certificate for Private Teacher (Primary & Lower Secondary Levels) ကို ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ထားဝယ်မြို့တွင် ဌာနဆိုင်ရာရုံးများသို့ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် သုတ/ရသစာအုပ်စာစောင်များ ငှားရမ်းပေး

ထားဝယ် မေ ၂၄

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ခရိုင်ပြည်သူ့စာကြည့်တိုက်သို့ လာရောက် မငှားရမ်းနိုင်သည့် ရပ်ကွက်များသို့ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် သုတ/ရသစာအုပ် စာစောင်များတင်ဆောင်၍ လှည့်လည်ငှားရမ်းပေးလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက ထားဝယ်မြို့ ဌာနဆိုင်ရာရုံးများသို့ သုတ/ရသ စာအုပ်စာစောင်များငှားရမ်းပေးခဲ့သည်။

ထို့နောက်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက မီးသတ်ဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ အကျဉ်းဦးစီးဌာနရုံးများရှိ ဝန်ထမ်းများနှင့် မိသားစုဝင်များအား ငှားရမ်းဖတ်ရှုလိုသည့် သုတ/ရသစာအုပ်စာစောင်များ ငှားရမ်းပေးခဲ့သည်။

ရွေ့လျားစာကြည့်တိုက် Mobile Library Bus တွင် ဝတ္ထု၊ မဂ္ဂဇင်း၊ ရုပ်ပြနှင့် အသိပညာဗဟုသုတများစွာရရှိမည့် သုတ/ရသစာအုပ်စာစောင် ၃၅၀ ပါရှိပြီး ငှားရမ်းပေးခဲ့သောစာအုပ်များကို သုံးရက်လျှင် တစ်ကြိမ် လဲလှယ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)



# အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ခရိုင်အဆင့် ဆင့်ပွားသင်တန်း ဖွင့်ပွဲပြုလုပ်



ကော့သောင်း မေ ၂၄

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်း ခရိုင်အတွင်းရှိ ကျေးလက်နေ ပြည်သူများနှင့် တိုင်းရင်းသား ပြည်သူများ စာတတ်မြောက်ရေး အတွက် အခြေခံ စာတတ်မြောက်ရေး လုပ်ငန်း(ခရိုင်အဆင့်) ဆင့်ပွား သင်တန်းကို ယနေ့ နံနက် ၉ နာရီက ကော့သောင်းမြို့ အမှတ်(၁) အခြေခံ ပညာအထက်တန်း ကျောင်း မြတ်ရတနာခန်းမ၌ ဖွင့်လှစ်သည်။

ဦးစွာ ကော့သောင်းခရိုင် စာတတ်မြောက်ရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးအောင်က ဒေသခံပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် မူလတန်းပညာကို ပြီးဆုံးအောင် မသင်ကြားခဲ့သူများ၊ ကျောင်းမနေခဲ့ရသူများ၊ စာတတ်မြောက်စေရေးအတွက် ရည်ရွယ်ချက်ဖြင့် စာတတ်မြောက်ရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရမှ အဆင့်ဆင့်စီမံဆောင်ရွက်ခြင်း ဖြစ်ကြောင်း ပြောကြားသည်။

## ရှင်းလင်းပြောကြား

ဆက်လက်၍ ကော့သောင်းခရိုင်ပညာရေးမှူး ဒေါ်သန်းစိုးက အခြေခံ စာတတ်မြောက်ရေး လုပ်ငန်း ခရိုင်အဆင့် ဆင့်ပွား သင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် သင်တန်းနည်းပြဆရာက မိတ်ဆက်စကား ပြောကြားပြီး အခမ်းအနား တက်ရောက်လာကြသူများအား မနီကလေးပြုံးနိုင်ပြီ ဗီဒီယိုကလစ်ကို ပြသခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပြည်ခရိုင် ရွှေတောင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်

နေပြည်တော် မေ ၂၄

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်း မေ ၂၃ ရက် ညနေပိုင်းတွင် လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ခြင်းကြောင့် တံပူစားကျေးရွာ၊ ကွင်းယားကြီးကျေးရွာ၊ တရုတ်မှော်ကျေးရွာနှင့် မဲမဲကျေးရွာတို့ရှိ နေအိမ်သုံးလုံး ပြိုကျပျက်စီးခဲ့ပြီး နေအိမ် ၆၁ လုံး အမိုးလန်ပျက်စီးခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့သည့် နေရာများသို့ ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်မတော်သားများက သွားရောက်၍ လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ပြည်တပ်နယ်မှ တာဝန်ရှိသူများက လေဘေးသင့် ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# အမေရိကန်နိုင်ငံက ကိုရီးယားကျွန်းဆွယ်တွင် အခြေအနေတင်းမာစေရေးဆောင်ရွက်နေဟု ကင်ယိုဂျောင်ပြောကြား

**ပြုံယမ်း မေ ၂၄**

အမေရိကန်နိုင်ငံသည် စစ်ရေးလေ့ကျင့်မှုများအများအပြား ဆောင်ရွက်ခြင်းဖြင့် ကိုရီးယားကျွန်းဆွယ်တွင် အခြေအနေ တင်းမာစေရေးအတွက် ဆောင်ရွက်နေကြောင်း မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်၏ ညီမဖြစ်သူ ကင်ယိုဂျောင်က ပြစ်တင်ပြောကြားခဲ့သည်ဟု ယနေ့အင်န်အိတ်ချ်ကေသတင်း တစ်ရပ်အရ သိရသည်။

ယခုပြောကြားမှုသည် မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည် ပစ်လွှတ်မှုများအပေါ် အမေရိကန်က ဝေဖန်ခဲ့ပြီးနောက် ထွက်ပေါ် လာခြင်းဖြစ်သည်။ အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံ တို့သည် မြောက်ကိုရီးယားနိုင်ငံအားဆန့်ကျင်၍ စစ်ရေးအင်အား ပြသသည့်အနေဖြင့် စစ်ရေးလေ့ကျင့်မှုများကို အများအပြား ဆောင်ရွက်ခဲ့ကြောင်း မြောက်ကိုရီးယားအာဏာရပါတီ သတင်းစာဖြစ်သည့် ရိုဒေါင်ဆင်မန်တွင် ထုတ်ပြန်သည့် ကင်ယိုဂျောင်၏ ကြေညာချက်အရ သိရသည်။

ယင်းကဲ့သို့ အမေရိကန်နှင့် အပေါင်းပါများ၏ ဆောင်ရွက် ချက်များသည် ဒေသတွင်းတင်းမာမှုများကို ဖြစ်ပွားစေခဲ့ကြောင်း နှင့် မြောက်ကိုရီးယားအနေဖြင့် မိမိနိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုနှင့် ဒေသတွင်းငြိမ်းချမ်းရေးကို ကာကွယ်ရန် စစ်ရေး အင်အားကို တည်ထောင်ရမည်ဖြစ်ကြောင်း ၎င်းကပြောကြား သည်။ ထို့ပြင် ဒုံးကျည်များပစ်လွှတ်ခြင်းမှာလည်း မိမိနိုင်ငံကို ကာကွယ်ရေးအတွက် အခွင့်အရေးရှိကြောင်းပြသခြင်းဖြစ်သည် ဟု မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြား သည်။ **ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ**





# ဖိလစ်ပိုင်နိုင်ငံ၌ အပူချိန်မြင့်တက်မှုကြောင့် သေဆုံးသူ ခြောက်ဦးရှိ

**မနီလာ မေ ၂၄**

ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ်ဇန်နဝါရီ ၁ ရက်မှ မေ ၁၈ ရက်အထိ အပူချိန်မြင့်တက်မှုကြောင့် သေဆုံးသူခြောက်ဦးရှိပြီး အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်သော ဖျားနာမှုဝေဒနာခံစားရသူ အနည်းဆုံး ၃၄ ဦးရှိကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ပြောကြားသည်။

အပူချိန်မြင့်တက်မှုကြောင့် ဖျားနာမှုဝေဒနာခံစားရသူအများစုမှာ ဖိလစ်ပိုင်အလယ်ပိုင်းရှိ ဗီဆာယာစ်ဒေသ၊ ဖိလစ်ပိုင်မြောက်ပိုင်းရှိ အီလိုကိုစ်ဒေသနှင့် ဖိလစ်ပိုင်တောင်ပိုင်းရှိ ဆိုဆာဂန်ဒေသတို့မှဖြစ်သည်။

မြို့တော်မနီလာအပါအဝင် ဒေသငါးခုရှိ နယ်မြေ ၁၁ ခုတွင် စာသင်ကျောင်းများ ယာယီပိတ်ထားကြောင်းနှင့် အပူအညွှန်းကိန်း ၄၂ ဒီဂရီစင်တီဂရိတ်ထက် ကျော်လွန်ပါက အန္တရာယ်ရှိနိုင်ကြောင်း ပြည်နယ်မိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

အပူချိန်အလွန်အမင်း မြင့်တက်လာပါက ကြွက်တက်ခြင်း၊ အပူကြောင့် အားအင်ကုန်ခန်းခြင်းနှင့် အပူကြောင့်လေဖြတ်ခြင်းတို့ကို ဖြစ်စေနိုင်သည်။ နိုင်ငံတစ်ဝန်းရှိ အချို့နေရာများတွင် အပူအညွှန်းကိန်း ၅၁ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်နိုင်ကြောင်း မိုးလေဝသဌာနက ယခုလအစောပိုင်းတွင် သတိပေးချက်ထုတ်ပြန်ခဲ့သည်။ ထို့ပြင် အပူချိန်မြင့်တက်မှုသည် လာမည့်လအထိ ဆက်လက်ဖြစ်ပွားနိုင်ဖွယ်ရှိကြောင်း သိရသည်။

ရာသီဥတုပူပြင်းမှုကြောင့် နိုင်ငံတစ်ဝန်းရှိ စာသင်ကျောင်းများတွင် ကျောင်းသားကျောင်းသူများ အထူးသဖြင့် ကလေးငယ်များအား အပူချိန်မြင့်တက်မှုဒဏ်မှ ကာကွယ်ရန် အွန်လိုင်းသင်တန်းများ ပို့ချပေးလျက်ရှိသည်။

အပူလွန်ကဲခြင်းကြောင့် ဖြစ်လာနိုင်သော နောက်ဆက်တွဲပြဿနာများကို ရှောင်ရှားနိုင်ရန် ပြင်ပလှုပ်ရှားမှုများကို လျှော့ချရန်နှင့် ရေများများသောက်ရန် ဖိလစ်ပိုင်ကျန်းမာရေးဌာနက ညွှန်ကြားထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ၌ အပူလျှပ်လေဖြတ်ခြင်းဆိုင်ရာသတိပေးစနစ် စတင်ဆောင်ရွက်

**တိုကျို မေ ၂၄**

ဂျပန်နိုင်ငံ၌ အပူဒဏ်ကြောင့် ဖြစ်ပွားလာနိုင်သည့် ကျန်းမာရေး အခြေအနေများကို ကာကွယ်ရန်အတွက် အပူလျှပ်လေဖြတ်ခြင်းဆိုင်ရာ သတိပေး စနစ်ကို အစိုးရက စတင်ထုတ်ပြန်ခဲ့ ကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်း တစ်ရပ်အရ သိရသည်။

ယင်းသတိပေးစနစ် အစီအစဉ်အား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးဌာန နှင့် ဂျပန်မိုးလေဝသအေဂျင်စီတို့က ကြီးမှူးဆောင်ရွက်ခြင်းဖြစ်သည်။

**ထိန်းသိမ်းဆောင်ရွက်ရမည်**

အပူအညွှန်းကိန်း ၃၅ ဒီဂရီစင်တီဂရိတ်နှင့် အထက်ရှိသည့် ဒေသများတွင် ယင်းသတိပေးစနစ်ကို ထုတ်ပြန်သွားမည် ဖြစ်ပြီး ကျန်းမာရေးထိခိုက်နိုင်သည့် အဆင့်အထိ အပူချိန် မြင့်တက်လာနိုင်သည့် ဒေသအားလုံး ယင်းစနစ်တွင် အကျုံးဝင်ကြောင်း သိရသည်။ အပူဒဏ်ကာကွယ်ရေးအစီအစဉ်အရ အဆိုပါ အပူလျှပ်လေဖြတ်ခြင်းဆိုင်ရာ သတိပေး စနစ် ထုတ်ပြန်ထားသည့် ဒေသများတွင် အပူဒဏ်ကြောင့် ဒေသခံများ လေသင်တုန်း မဖြတ်စေရေးအတွက် တာဝန်ရှိသူများက အစီအမံများ ဆောင်ရွက်ရမည်ဖြစ်ပြီး ဒေသခံများအား အပူဒဏ်လျော့နည်း စေရေးအတွက် လေအေးပေးစက်များကို ချင့်ချိန်ဖွင့်လှစ်ပေးပြီး ထိန်းသိမ်း ဆောင်ရွက်ရမည်ဖြစ်သည်။



**စီမံဆောင်ရွက်မည်**

ထို့ပြင် လုပ်ငန်းခွင်များတွင်လည်း အပူဒဏ်ကြောင့် အပူလျှပ်လေဖြတ်ခြင်းမှ ကာကွယ်ရေးအတွက် နေအိမ်မှလုပ်ငန်း ဆောင်ရွက်ခြင်း နည်းလမ်းကို တာဝန်ရှိသူများက စီမံဆောင်ရွက်မည်ဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**

# အစ္စရေးတပ်ဖွဲ့က ဂါဇာမြောက်ပိုင်းတွင် လေကြောင်းတိုက်ခိုက်မှုများ အရှိန်မြှင့်ဆောင်ရွက်ခဲ့

**ဂျေရုဆလင် မေ ၂၄**

အစ္စရေးတပ်ဖွဲ့သည် ဂါဇာမြောက်ပိုင်းတွင် လေကြောင်းတိုက်ခိုက်မှုများကို အရှိန်မြှင့်ဆောင်ရွက်ခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

**အရပ်သားများကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့**

ဘတ်လာဟီယာမြို့အနီးရှိ ပစ်မှတ်များကို လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က လူမှုမီဒီယာတွင် ပြောကြားခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုများ မစတင်မီအချိန်တွင် အရပ်သားများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က ထပ်လောင်းပြောကြားသည်။

ဂါဇာတောင်ပိုင်း ခန်းယူနွတ်ရှိ နာဆာဆေးရုံတွင် ရုပ်အလောင်းများ တွေ့ရှိရမှုနှင့် ပတ်သက်၍ စိုးရိမ်ထိတ်လန့်ကြောင်းနှင့် ယင်းအဖြစ်အပျက်အား စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးမည်ဖြစ်ကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ဂါဇာဒေသမြောက်ပိုင်း၌ ဟားမတ်စ်အဖွဲ့အား ထိုးစစ်ဆင်ချေမှုန်းမည် ဖြစ်သဖြင့် ယင်းဒေသရှိ ဒေသခံများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရေးအတွက် အစ္စရေးတပ်ဖွဲ့က ညွှန်ကြားခဲ့ကြောင်း သိရသည်။



ဘတ်လာဟီယာမြို့ရှိ ဒေသခံများအား ခိုလှုံရေးနေရာများသို့ ရွှေ့ပြောင်းရေးအတွက် အစ္စရေးတပ်ဖွဲ့က ညွှန်ကြားခဲ့သည်။ ဒေသဆိုင်ရာတာဝန်ရှိသူများက နာဆာဆေးရုံတွင် တွေ့ရှိခဲ့ရသည့် ရုပ်အလောင်းများမှာ အစ္စရေးတပ်ဖွဲ့က မြှုပ်နှံခဲ့သည့် ရုပ်အလောင်းများဖြစ်သည်ဟု ပြစ်တင်ပြောကြားခဲ့သည်။ သို့ရာတွင် ၎င်းရုပ်အလောင်းများမှာ ဆေးရုံအနီးတွင် ဟားမတ်စ်အဖွဲ့က မြှုပ်နှံခဲ့သည့် ရုပ်အလောင်းများဖြစ်သည်ဟု အစ္စရေးတပ်ဖွဲ့က ပြန်လည်ချေပခဲ့သည်။

ယခုလ အစောပိုင်းတွင်ယင်းဆေးရုံမှ အစ္စရေးတပ်ဖွဲ့များ ဆုတ်ခွာခဲ့သည်။ မိမိတို့သည် ဟစ်ဇ်ဘိုလာစစ်သွေးကြွများကို တိုက်ခိုက်နေခြင်းဖြစ်ပြီး မိမိတို့၏ လေကြောင်း တိုက်ခိုက်မှုအတွင်း ဟစ်ဇ်ဘိုလာစစ်သွေးကြွ ခေါင်းဆောင်များ သေဆုံးခဲ့သည်ဟု အစ္စရေးတပ်ဖွဲ့က ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**

# ဂါဇာကမ်းမြောင်၌ ပါလက်စတိုင်းသေဆုံးသူပေါင်း ၃၄၂၆၂ ဦးရှိလာ

**ဂျေရုဆလင် မေ ၂၄**

အစ္စရေး-ဟားမတ်စ် ပဋိပက္ခဖြစ်ပွားသည့်အချိန်မှစပြီး လက်ရှိအချိန်အထိ ပါလက်စတိုင်းသေဆုံးသူပေါင်း ၃၄၂၆၂ ဦး ရှိပြီး ၇၇၂၂၉ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ဟားမတ်စ်အဖွဲ့မှ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း ပါလက်စတိုင်း ၇၉ ဦး သေဆုံးပြီး ၈၆ ဦး ဒဏ်ရာရခဲ့ကြောင်းသိရသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် အစ္စရေးတောင်ပိုင်းနယ်စပ်၌ ဟားမတ်စ်များ၏ တိုက်ခိုက်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးသည် ဂါဇာကမ်းမြောင်ဒေသ၌ ဟားမတ်စ်အဖွဲ့ကို ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်လျက်ရှိသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ရေယာဉ်နှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် မြန်မာ့ပင်လယ်ပြင် တနင်္သာရီရေပိုင်နက်အတွင်း ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဖမ်းဆီးရမိခဲ့ပြီး ဗိုလ်တထောင်မြို့နယ်ရဲစခန်းသို့ အပ်နှံခဲ့သည့် တရားမဝင်သစ်တင်ဆောင်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားမဝင် ကျွန်းသစ် (၁၁၀ ဒသမ ၃၁၃)တန်၊ အခြားသစ် (၁၀၅ ဒသမ ၆၀၃)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၆၈၉၆၄၄၈)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် MV ရွှေမေတ္တာရေယာဉ်(သံကိုယ်ထည်) တစ်စင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ခရီးဆောင်အိတ် အလုံး ၅၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၇၀၅၆၄၄၈ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၂၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်(၁ ဒသမ ၀၂၁) တန်၊ သစ်မာ(၄ ဒသမ ၈၇၄) တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၃၃၂၃၆ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၂၃ ရက်တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မော်လမြိုင်ခရိုင်၊ ကျိုက်ထိုခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် (၄ ဒသမ ၉၄၂) တန်(ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၂၅၁၁၆)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၂၃ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် သံလွင်တံတားပူးပေါင်း စစ်ဆေးရေးဂိတ်(တရုတ်လှဘက်ခြမ်း)၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Lenovo Laptop (Used) အလုံး ၂၀၀ အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၉၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Amandla Mini Bus တစ်စီးနှင့် Nissan Caravan Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၉၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်တိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့ပြင် မေ ၂၃ ရက်တွင် နေပြည်တော်ကောင်စီတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်၊ ပျဉ်းမနားခရိုင်နှင့် ဥတ္တရသီရိခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၁ ဒသမ ၂၄၈)တန်၊ အခြားသစ်(၁၃ ဒသမ ၆၂၁)တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၇၁၀၁ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၂၄ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းတုန်းမြို့နယ် တောင်ပတ်ကျေးရွာအနီး၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၁၃၅ ဂါလန်နှင့် အဝါရောင်ကော်ပုံးအခွံ ပုံး ၂၅၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁၆၄၀၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Dump Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းများဆိုင်ရာ ဥပဒေအရလည်းကောင်း၊ မင်းဘူးခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၅၈၆) တန်၊ အခြားသစ် (၂ ဒသမ ၁၂၉)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၆၃၉) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၆၅၆၃၉ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၈ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၆၈၀၇၅၄၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦး ဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ကလေးနှင့်စမ်းချောင်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ



မင်းမင်းထွန်းအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် မေ ၂၄

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၂ ရက် ညနေ ၅ နာရီခွဲတွင် ကလေးမြို့နယ် အင်ဒိုင်းလေးကျေးရွာအနီးတွင် မင်းမင်းထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ဆိုက်တွဲယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၂ ဒသမ ၂ ကီလိုကိုလည်းကောင်း၊

မေ ၂၃ ရက် ညနေ ၅ နာရီခွဲတွင် စမ်းချောင်းမြို့နယ် မြေနီကုန်း(တောင်)ရပ်ကွက် ဗားကရာလမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ ကျော်ဝင်းကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၄

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မေ ၈ ရက်မှ မေ ၂၁ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း(၅၂ ဒသမ ၉၆၉၂) တန်၊ သစ်မာ (၁၆၄ ဒသမ ၂၅၀၈)တန်၊ အခြား (၄၂၀ ဒသမ ၄၃၃၂) တန် စုစုပေါင်း ၆၃၇ ဒသမ ၆၅၃၂ တန်၊ ယာဉ်/ယန္တရား ၁၂ စီး၊ တရားခံ ၂၂ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၅-၂၀၂၄ ကြာသပတေးနေ့

**MRTV HD**

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ခေါရွှက်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ထိန်းသိမ်းလိုက်ကြရအောင်ပါ...သဘာဝ၏ ရတနာအင်းလေးကန်သာ
- ၀၉:၁၅ NRC အစီအစဉ်(ချင်း)
- ၀၉:၄၀ သတိပြုကာကွယ် ငှက်များရောဂါအန္တရာယ်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ ငါးချဆိပ်ကမ်းမှသည်....ငါးသယံဇာတ ထိန်းသိမ်းရေးဆီ
- ၁၁:၄၀ Next Level
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပျော်လင့်ခြင်းအိပ်မက်' (အပိုင်း-၅)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားပွဲ' (အပိုင်း-၁၉)
- ၁၆:၃၅ ဝံ့ရှမ်းတို့ရဲ့မြို့တော်ကျိုင်းတုံ
- ၁၇:၁၀ Soccer View
- ၁၇:၂၅ လူမှုစီးပွားသတင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'အခမ်းနားဆုံးသစ်ပင်' (အပိုင်း-၁၂) (စိုးသီဟ၊ နေဆန်း၊ လှမျိုးသဉ္ဇာနွယ်၊ နန်းဆုဦး၊ စနီးကြည်ဖြူ)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားပွဲ' (အပိုင်း-၃၀)
- ၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ 'အတိုးပေးတဲ့နှီးလေး' (အပိုင်း-၅)

**mitv**

- 07:01 Evergreen Classic: Awayyar Horntu (Sein Lei Lei)
- 07:09 Shwezigon Pagoda -1
- 07:37 Done Nyaung Hmaing: A New Tourism Spot
- 07:48 Kyaw Min Thu (Winner) Lose2Win With Andy
- 08:01 News
- 08:26 Skilled Performance of Traditional Myanmar Colored Glass Ball (Ep-2)
- 08:42 Introductory Programme of Literary Award Winners: Maung Nai (Dathanika)
- 09:01 Daingnak Style
- 09:14 The Lapidarist
- 09:31 Robe Business in Ta Ma Ta Kaw
- 09:44 A Way of Life: Karate-do
- 10:01 News

**MRTV NRC**

- ရှမ်း (၀၆:၀၀ မှ ၀၈:၀၀) ပေပေါင်း(၀၀၀၀)ကျော်မြင့်တဲ့မဲနယ်တောင်တန်းမှ တောင်ဇလပ်ပန်းများရှိရာဆီသို့
- ဝ (၀၈:၀၀ မှ ၁၀:၀၀) လွိုင်ငမ့်မြို့သို့အလည်တစ်ခေါက်
- ကချင် (၁၀:၀၀ မှ ၁၂:၀၀) ကချင်ဘာသာစကားပြောကြရအောင်
- ကယား (၁၂:၀၀ မှ ၁၄:၀၀) စိတ်ဝင်တစားရှိရာဓလေ့ထူးခြားချက်များ (ကယားတိုင်းရင်းသားများရဲ့နာမည်မှည့်ခေါ်ခြင်း)
- ပအိုဝ်းကရင် (၁၄:၀၀ မှ ၁၅:၀၀) သွေးတိုးရောဂါအကြောင်းသိကောင်းစရာ
- အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀) ရွှန်းပစ်စုက်ပျောမှုတန်ဖိုးမြင့်လူသုံးကုန်လက်မှုထည်များဆီသို့
- အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀) ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် အဝိမြန်မာပြည်(အပိုင်း-၃)
- ချင်း (လိုင်ဇိုး) (၁၇:၀၀ မှ ၁၈:၀၀) တောင်ကြာပန်းများပျော်စံရာဇိန်မှုတောင်
- ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀) ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၃)
- မွန် (၁၉:၀၀ မှ ၂၁:၀၀) ရာမညမြေမှ အလှတရားများ(အပိုင်း-၃)
- ရခိုင် (၂၁:၀၀ မှ ၂၃:၀၀) ထိန်းသိမ်းစိုလေရှိရာအငွေ့(တက်ညီလက်ညီအပြိုင်လှော် ရခိုင်ရိုးရာပြိုင်လောင်းပွဲတော်)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၈:၄၅ ပွင့်သောပန်းတိုင်းလှပါစေလှသော ပန်းတိုင်းလန်းပါစေ
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၁၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ရုရှားနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို သိလျက်နဲ့ထိပ်ချန်မှု
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (စစ်မှုထမ်းဥပဒေမကျင့်သုံးသေးတဲ့နိုင်ငံများအကြောင်း)
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၅)

**MRTV FARMERS / HTV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ ဝင်ငွေသေချာ ရွှေနေကြာ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၀၀ Suzume (2022) (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ Growing 10,000 Pounds of Organic Tomatoes in a High Tunnel Greenhouse
- ၂၂:၃၀ First Ever Tour of My New Garden
- ၂၃:၀၀ Street Food in Côte d'Ivoire!! Insane VERTICAL BBQ in Abidjan (West Africa)

**MRTV SPORTS / HTV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Max
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၀ Weekly MNL Review

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ယာယီတိမ်းရှောင် အိမ်ထောင်စုများ မိုးမကျမီဆောလျင်စွာ အမိုးအကာဖြင့် လုံခြုံစွာနေထိုင်စားသောက်နိုင်ရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်

မြစ်ကြီးနား မေ ၂၄

ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် လတ်တလောနယ်မြေအခြေအနေအရ နေရပ်ကျေးရွာများကို စွန့်ခွာ၍ ဘာသာရေးအသင်းအဖွဲ့ အသီးသီး၏ ယာယီခိုလှုံရာစခန်းများတွင် နေထိုင်လျက်ရှိသော အိမ်ထောင်စုများအား နေထိုင်စားသောက်မှုအဆင်ပြေစေရေး စီစဉ်ထောက်ပံ့ပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် မေ ၂၄ ရက် နံနက်ပိုင်းက ဝိုင်းမော်မြို့နယ်အတွင်းရှိ ယာယီတိမ်းရှောင်ပြည်သူများ မိုးမကျမီ ဆောလျင်စွာ အမိုးအကာဖြင့် လုံခြုံစွာနေထိုင်နိုင်ရေး တာဝန်ရှိသူများနှင့် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝိုင်းမော်မြို့ နောင်ချိန်းကျေးရွာသို့ သွားရောက်ပြီး နောင်ချိန်းနှစ်ခြင်း ခရစ်ယာန်အသင်းတော် ဘုရားကျောင်းခန်းမဆောင်၌ ဌာနေပြည်သူ့စစ်အဖွဲ့ခေါင်းဆောင် ဦးလဆန်အောင်ဝါနှင့်အတူ ကျေးရွာအုပ်စုအတွင်းရှိ ယာယီတိမ်းရှောင်ခိုလှုံနေထိုင်လျက်ရှိသည့် ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကားပြောကြားသည်။

ထို့နောက် နောင်ချိန်းကျေးရွာအုပ်စုအတွင်းသို့ ယာယီတိမ်းရှောင်လာကြသည့် အိမ်ထောင်စုများအား စခန်းဖွင့်လှစ်ဆောင်ရွက်ထားသည့် အထက (နောင်ချိန်း)၊ KBC ခြံဝင်း၊ ရွှေညောင်ပင် ပန်းခြံ၊ လော်ဝေါ်နှစ်ခြင်းခရစ်ယာန် ဘုရားကျောင်းနှင့် ဆွေမျိုးနေအိမ်များတွင် တိမ်းရှောင်နေထိုင်လျက်ရှိသော အိမ်ထောင်စု ၃၄၈ စု၊ လူဦးရေ ၁၄၃၀ တို့ကိုယ်စား စခန်းတာဝန်ခံများက မိသားစုများ နေထိုင်စားသောက်မှုအတွက် လိုအပ်ချက်၊ အခက်အခဲများကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က အိမ်ထောင်စုများ ယာယီနေထိုင်လျက်ရှိသည့် စခန်းများအတွင်း နေအိမ်အဆောက်အအုံ တန်းလျားများ ပြုပြင်တည်ဆောက်ပေးနိုင်ရေး၊ အသစ်တည်ဆောက်ပေးနိုင်ရေးနှင့် လိုအပ်သည်များကို အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ကဏ္ဍအလိုက် သက်ဆိုင်ရာပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ပြီး အိမ်ထောင်စုများအား မုန့်များကို ဝေငှခဲ့ကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် မိုင်းနားကျေးရွာအုပ်စု မခေါယန်ကျေးရွာအတွင်းရှိ RC အသင်းတော်ပိုင်ဝင်းအတွင်း မြို့နယ်အတွင်းရှိ ကျေးရွာများမှ တိမ်းရှောင်လာသော မိသားစုများအတွက် ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် တည်ဆောက်လျက်ရှိသည့် နေအိမ်တန်းလျားများ တည်ဆောက်နေမှု အခြေအနေများ၊ ရေရရှိရေး ဆောင်ရွက်ပေးထားသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ထပ်မံဖြည့်စွက်ပံ့ပိုးပေးနိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိုင်းနား KBC ယာယီစခန်းသို့ သွားရောက်ပြီး စခန်းတာဝန်ခံများနှင့် တွေ့ဆုံကာ ထပ်မံတိမ်းရှောင်လာသည့် မိသားစုများအား နေထိုင်မှုအတွက် နေအိမ်များ ပြင်ဆင်ဆောက်လုပ်နိုင်ရေး ကိစ္စရပ်များ၊ စားနပ်ရိက္ခာထောက်ပံ့နိုင်ရေးအတွက် ဆန်အိတ်များ ဖြန့်ဝေပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ ကျန်းမာရေးစောင့်ရှောက်မှု အပါအဝင် လိုအပ်သည်များနှင့် စပ်လျဉ်း၍ ပံ့ပိုးကူညီပေးရမည့် ကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

ထို့အပြင် ပြည်နယ်ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြည်တွင်းနေရပ်စွန့်ခွာပြည်သူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ ပြည်နယ်အဆင့် ကော်မတီအဖွဲ့ဝင်များနှင့်အတူ တိမ်းရှောင်ပြည်သူများ မိုးမကျမီ ဆောလျင်စွာ အမိုးအကာအောက် လုံခြုံစွာ နေထိုင်စားသောက်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**




**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အသိပညာပေး ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၄

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အသိပညာပေး ရေဒီယို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Studio (C)၌ ကျင်းပရာ ရန်ကုန်မြို့ လှိုင်သာယာ(အနောက်) အထက (ခွဲ)၊ အလက(၁၈)၊ ရန်ကုန်မြို့ (စမ်းချောင်း)အထက (၂)၊ ရန်ကုန်မြို့(မင်္ဂလာဒုံ) အလက(၄)၊ရန်ကုန်မြို့(သဃ်န်းကျွန်း)အထက သုဝဏ္ဏ၊ ရန်ကုန်မြို့ (ဗဟန်း) အလက(၃) တို့မှ ကျောင်းသား ကျောင်းသူ ငါးဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။



အဆိုပါပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ အလယ်တန်းနှင့် အထက်တန်းအဆင့် အသက် ၁၄ နှစ်မှ ၁၇ နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူ ငါးဦးတို့က Round တစ်ခုလျှင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ ပညာရပ်မေးခွန်းနှစ်ခုနှင့် ရေဒီယိုမှ ထုတ်လွှင့်သည့် အစီအစဉ်ပိုင်းဆိုင်ရာ မေးခွန်းနှစ်ခု စုစုပေါင်း မေးခွန်းလေးခုစီဖြင့် Round လေးခုတွင် ယှဉ်ပြိုင်ဖြေဆိုကြခြင်းဖြစ်သည်။

ထိုသို့ယှဉ်ပြိုင်ကြရာ ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ပထမဆုကို ရန်ကုန်မြို့ (မင်္ဂလာဒုံ) အလက (၄) Grade -8 မှ မောင်စိုးသက်မောင်မောင် ကလည်းကောင်း၊ ဒုတိယဆုကို ရန်ကုန်မြို့ (ဗဟန်း) အလက(၃) Grade–7 မှ မနှင်းဧပရယ်မိုး ကလည်းကောင်း၊ တတိယဆုကို ရန်ကုန်မြို့ လှိုင်သာယာ(အနောက်) အထက (ခွဲ) အလက(၁၈) Grade–10 မှ မဇာဇာမျိုးထက် ကလည်းကောင်း၊ အထူးဆု နှစ်ဆုကို ရန်ကုန်မြို့ (သဃ်န်းကျွန်း)အထက သုဝဏ္ဏ Grade–9 မှ မဆွတ်ဂျာလုံနှင့် ရန်ကုန်မြို့ (စမ်းချောင်း) အထက (၂) Grade–9 မှ မမြမှူးခင်တို့က လည်းကောင်း ရရှိခဲ့ကြသဖြင့် ဆုရရှိကြသူများအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီလွာစိုးက ဆုများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အသိပညာပေး ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပမှုကို မေ ၂၅ ရက်နှင့် ၂၆ ရက်နေ့ည မြန်မာ့အသံရေဒီယိုမှ ပြည်တွင်းသတင်းများ ကြေညာအပြီးတွင် ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်းကို အများပြည်သူ စိတ်ဝင်စားမှု ပိုမိုရရှိပြီး ပူးပေါင်းပါဝင် ဆောင်ရွက်လာနိုင်စေရေး အသိပညာမျှဝေလှုံ့ဆော်ခြင်းဖြင့် လူထုလှုပ်ရှားမှု ရယူအားဖြည့်ပေးနိုင်ရေး ရည်ရွယ်ချက်များဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနက ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ပြိုင်ပွဲ ငါးကြိမ်ကျင်းပမည်ဖြစ်ပြီး တစ်ကြိမ်စီမှ ပထမနှင့် ဒုတိယဆုရရှိသူ နှစ်ဦးစီဖြင့် စုစုပေါင်း ၁၀ ဦးအား ၂၀၂၄ ခုနှစ် ဩဂုတ်လ ဒုတိယပတ်အတွင်း ကျင်းပမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ပဲဈေးကွက်၌ ပဲကြီးသီးနှံဈေးကောင်းရ၍ ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်

ပဲခူး ဧပြီ ၂၄

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ပဲဈေးကွက်၌ ပဲမျိုးစုံ နေ့စဉ်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပြည်ပဝယ်လိုအားကောင်းသော ပဲများအပြင် ပြည်တွင်းစားသုံးမှုများပြားသောပဲများဖြစ်သည့် ပဲကြီး၊ ကုလားပဲ၊ ပဲနီပြား၊ ပဲထောပတ် စသည့်သီးနှံများလည်း ဝင်ရောက်မှုများလာပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အဆိုပါပဲများအနက် ပဲကြီးသီးနှံမှာ ဈေးနှုန်းအမြင့်ဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပဲဈေးကွက်၌ အခြားပဲများထက် ဈေးကောင်းရလျက်ရှိသော ပဲသီးနှံဖြစ်ကြောင်း သိရသည်။



ပဲကြီးသီးနှံကို မိုးနှောင်းကာလ ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလတွင် စတင်ထွက်ပေါ်ခဲ့ရာ ယခုအချိန်တွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိပြီး ဈေးကွက်အတွင်း နေ့စဉ်ဝင်ရောက်မှုများရှိလာကာ လက်လီ/လက်ကား အရောင်းအဝယ်ဖြစ်နေကြောင်း၊ ဈေးနှုန်းအနေဖြင့် ယခုကာလပေါက်ဈေးမှာ ရွှေကျွန်းတစ်တင်းလျှင် ငွေကျပ် ၈၅၀၀၀ ဖြင့်လည်းကောင်း၊ ကမ်းနား တစ်တင်းလျှင် ငွေကျပ် ၈၄၀၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိရာ ယခင်နှစ်ကာလတူအချိန်၌ ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းထက် ဈေးနှုန်းအနည်းငယ် ပိုမိုလာကြောင်း၊ ပဲကြီးသီးနှံအစိုနှင့် အခြောက်များမှာ ဈေးနှုန်းကောင်းမွန်လျက်ရှိပြီး ပဲကြော်ဖိုလုပ်ငန်းရှင်များက အဓိကဝယ်ယူကြသည့်အတွက် ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

## ပုထိုးစမ်းကျေးရွာတွင် မြေပဲဈေးကောင်းရရှိ၍ မြေပဲစိုက်တောင်သူများ အဆင်ပြေလျက်ရှိ



မကွေး ဧပြီ ၂၄

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မကြီးကန်အုပ်စုရှိ ပုထိုးစမ်းကျေးရွာတွင် နှမ်း၊ ကုလားပဲ၊ မြေပဲ၊ ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစင်းငုံသီးနှံများကို စိုက်ပျိုးကြပြီး မြေပဲသီးနှံကို စိုက်ဧက ၃၀၀၀ ကျော် စိုက်ပျိုးထားရှိကြောင်း သိရသည်။

မြေပဲသီးနှံကို အောက်တိုဘာလတွင် စတင်စိုက်ပျိုး၍ စိုက်ပျိုးပြီးရက်ပေါင်း ၉၀ အကြာတွင် ရိတ်သိမ်းရပြီး စိုက်ပျိုးရာတွင် ကြောင်းဆွဲစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် သွင်းအားစုစရိတ်များမြင့်တက်လာပြီး မျိုး၊ မြေပြင်စရိတ်၊ လုပ်သားခ၊ သွင်းအားစုအပါအဝင် စုစုပေါင်း ငွေကျပ် ၇၀၀၀၀၀ ခန့်ကုန်ကျကြောင်း၊ အထွက်နှုန်းမှာ တစ်ဧကလျှင် မြေပဲတောင့် တင်း ၈၀ ခန့်ထွက်ရှိပြီး ဧပြီလတတိယပတ်တွင် မြေပဲတောင့်တစ်တင်းလျှင် ငွေကျပ် ၂၀၀၀၀ ဖြင့်လည်းကောင်း၊ မြေပဲဆန်တစ်တင်းလျှင် ငွေကျပ် ၁၆၀၀၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိပြီး မြေပဲတောင့်များကို မကွေးမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြကြောင်း၊ ယခုနှစ်တွင် သွင်းအားစုစရိတ်များ မြင့်တက်လာသော်လည်း မြေပဲတောင့်နှင့် မြေပဲဆန်များမှာ ဈေးကောင်းရရှိသောကြောင့် မြေပဲစိုက်တောင်သူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်များရရှိကာ အဆင်ပြေလျက်ရှိကြောင်း မြေပဲစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

## မအူပင်ခရိုင်၌ ငရုတ်သီးနှံ ဈေးနှုန်းဈေးကွက်တည်ငြိမ်



မအူပင် ဧပြီ ၂၄

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးများကို အဓိကထား လုပ်ကိုင်ကြပြီး စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ငရုတ်သီးနှံကို ၄၀၅၅၇ ဧက စိုက်ပျိုးခဲ့ပြီး စုစုပေါင်း ၁၆၀၀၁၇၆၄ ဒသမ ၃၅ ပိဿာခန့်ထွက်ရှိခဲ့ကြောင်း၊ မအူပင်ခရိုင်အတွင်းရှိ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူစသည့် မြို့နယ်များတွင် ငရုတ်သီးနှံများ တစ်ပြိုင်နက် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ယခင်နှစ်က ငရုတ်ပွဲရုံများတွင် ငရုတ်သီးအမှည့်အစိုများကို အအေးခန်းကားများဖြင့် စနစ်တကျထုပ်ပိုး၍ ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်တွင် ငရုတ်အမှည့် အစိုများကို ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချရန် ဈေးကွက်ရရှိမှု နည်းပါးလာသောကြောင့် ပြည်တွင်းဈေးကွက်တွင် ငရုတ်အမှည့်ခြောက်များ ပိုလျှံမှုများဖြစ်လျက်ရှိရာ ငရုတ်သီးဈေးနှုန်း ဈေးကွက် တည်ငြိမ်လျက်ရှိကြောင်း ငရုတ်ပွဲရုံများထံမှ သိရသည်။ ငရုတ်သီးနှံမှာ ပြည်ပဝယ်လိုအား နည်းပါးပြီး ပြည်တွင်းဈေးကွက်ကိုသာ အဓိကထား ရောင်းချရသည့်အတွက် တောင်သူများအနေဖြင့် သင့်တင့်မျှတသော အကျိုးအမြတ်များ ရရှိကြောင်း သိရသည်။

## ဆောင်းကြက်သွန်နီများ စတင်ထွက်ပေါ်၍ ဈေးကောင်းရရှိ

မန္တလေး ဧပြီ ၂၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ညောင်ရမ်းတိုက်နယ်အတွင်းရှိ ကျေးရွာများတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ ဆောင်းကြက်သွန်နီ ၁၈၁၅ ဧက စိုက်ပျိုးထားရှိပြီး အမြိတ်ခြောက် ဆောင်းစိုက်ကြက်သွန်နီများ စတင်တူးဖော်လျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

**စတင်စိုက်ပျိုး**

စိုက်ပျိုးမှုအနေဖြင့် ဆောင်းကြက်သွန်နီများကို ဒီဇင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးပြီး ဧပြီလဆန်းပိုင်းတွင် စတင်ထွက်ရှိကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် ကြက်သွန်နီတစ်ဧကလျှင် မျိုး၊ မြေပြုပြင်စရိတ်၊ ထွန်ယက်ခ၊ လုပ်သားခနှင့် သွင်းအားစုအပါအဝင် စုစုပေါင်း ငွေကျပ်သိန်း ၄၀ ခန့် ကုန်ကျပြီး တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်းအနေဖြင့် ပိဿာချိန် ၄၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကြက်သွန်နီ သီးနှံစိုက်တောင်သူများက ပွဲစားကုန်သည်များသို့ တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀-၁၆၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဆောင်းကြက်သွန်နီစိုက်ပျိုးသည့် တောင်သူများအနေဖြင့် ထိုက်သင့်သည့်အကျိုးအမြတ်ရရှိကြောင်း ကြက်သွန်စိုက်တောင်သူများထံမှ သိရသည်။



### သတင်းရင်းမြစ် - စီးပွား/ကူးသန်း

**၂၄- ၄ - ၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ**

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၂၅၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၁၀၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၇၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၄၃၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၀၅၀ | | ၇၅၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၃၅၀ | ၁၀၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |
| ၄ | တောင်ကြီး | ၃၅၀၀ | ၃၃၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၉၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၃၈၀၀ | | ၅၆၀၀ | ၁၅၅၀၀ | ၅၉၀၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၆၈၀၀ | ၁၀၀၀၀ | ၈၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၂၈၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၆ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၉၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၈၅၀ | | ၆၉၀၀ | ၁၇၀၀၀ | ၆၀၂၅ | ၁၂၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၈ | မြိတ် | ၄၀၀၀ | | ၆၀၀၀ | ၁၆၅၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၈၈၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၆၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၃၅၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၉ | ရန်ကုန် | ၃၈၀၀ | | ၅၆၀၀ | ၁၆၀၀၀ | ၅၇၀၀ | ၁၃၀၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၆၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၃၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၆၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၅၇၇၀ | ၅၀၀၀ | ၂၇၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၈၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၁ | ဟားခါး | ၇၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၂ | မုံရွာ | ၃၆၀၀ | ၃၁၅၀ | ၆၄၀၀ | ၁၃၅၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၃ | မန္တလေး | ၄၅၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၁၇၅ | ၈၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၈၀၀ | ၇၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၃၀၀ | ၁၂၅၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၇၅၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၂၂၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၅ | မကွေး | ၃၈၅၀ | | ၇၅၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၁၀၅၀၀ | ၂၄၀၀ | ၁၅၀၀၀ | ၁၁၅၀၀ | ၉၀၀၀ | ၆၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၇၀၀ | ၂၅၀၀ | ၄၈၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပြည် | ၃၄၀၀ | | ၅၈၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | | ၈၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၇ | ပဲခူး | ၃၂၀၀ | | ၅၅၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၇၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၀၀၀ | ၃၇၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၇၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၆၅၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၆၂၀၀ | ၆၅၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၄၈၀၀ | ၂၀၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၁၉ | နေပြည်တော် | ၃၇၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၆၅၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၆၄၀၀ | ၆၇၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၄၈၀၀ | ၂၀၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၀ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၇၅၀၀ | ၂၄၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | | ၁၅၀၀၀ |

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဗိုလ်မင်း ထွဋ်မှု [၈/ဂဂန(နိုင်)၀၅၄၂၂၄] သင်္ဘောသားစာအုပ်-ဖ၈၈၅၂ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

**Ph:09-795791419**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၀-၄-၂၀၂၄)ရက်ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၉) ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်းကြော်ငြာတွင် ဒေါ်မြင့်မြင့်မြင့်မြင့်မိမ်းချမ်း[၁၃/ကလန(နိုင်)၀၇၃၇၅၂]အစား ဒေါ်မြင့်မြင့်မိမ်းချမ်း[၁၃/ကလန (နိုင်)၀၅၅၇၂၆]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အပြင်ပဒံရပ်ကွက်၊ လယ်သမားလမ်း၊ မြေတိုင်းအမှတ်-သကတ(၁၇)၊ မြေကွက်အမှတ်(၅၂၈)၊ ပါမစ်မြေ အကျယ်အဝန်း(၄၀x၆၀)ပေ အနက်မှ ပေ(၂၀x၆၀) ခေါင်းရင်းခြမ်း မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ဝါဝါကြူ မှတ်ပုံတင်အမှတ်[၈/ခမန(နိုင်)၁၄၆၈၁၆]မှ လက်ရှိ ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မြတ်ဝေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စအား ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ဇင်မြတ်ဝေ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်သဉ္ဇာထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၄၀)**
**တိုက်(၆၄)၊ အခန်း(၁၀၃)၊ စကားဝါလမ်း၊ ကျန်စစ်သားအိမ်ရာ၊ (၆)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၀၃၆၃၈၅၄**

## ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်များဖြစ်သော MILORAD PEJCINOVIC Passport No. 252343556 နှင့် ဒေါ်သီတာ [၆/ထဝန(နိုင်)၀၆၂၂၃] ကိုင်ဆောင်သူများ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏အမှုသည်များဖြစ်သည့် MILORAD PEJCINOVIC နှင့် ဒေါ်သီတာသည် (၃၀-၅-၂၀၁၇) ရက်တွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌ ထိမ်းမြားမင်္ဂလာ ကတိသစ္စာပြုလွှာပြုလုပ်ကြပြီး အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြသော်လည်း ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်ကြသဖြင့် (၁၁-၄-၂၀၂၄) ရက်တွင် သက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စီစီရွှေရင် B.Sc, RL, DBL, DML, DIL**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၂၈၆) (၃၀-၅-၁၉၉၀)**
**အမှတ် (၅၀)၊ ပထမထပ်၊ အခန်း (C-4) ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၉၂၇၈၈၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၁၂-က)၊ ဦးပိုင်အမှတ်(၁-ည)၊ ဧရိယာ(၀.၁၀၉၃)ဧကအကျယ်အဝန်းရှိ ဦးမောင်မောင် ပါ-၂ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ ရေ+မီး အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမောင်မောင် (ဘ) ဦးရိုန်ဗုက် [၉/မရမ (နိုင်) ၀၇၆၉၆၅]၊ ဒေါ်သန်း (ခ) သင့်သင့် (ဘ) ဦးညွှန်း [၉/မရမ(နိုင်)၀၄၀၅၀၄] ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မြတ်မွန်ဆွေ (ဘ)ဦးကျော်ဝင်းဆွေ [၈/ဆမန(နိုင်)၀၅၅၀၁၃]ကိုင်ဆောင်သူက လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဒေါ်စိန်စိန်ကြည် (Advocate) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၃၈)**
**(LL.B, D.B.L, DIL, DL 101 IPLaw(GENEVA))**
**အမှတ်(၁၂၄)၊ အကွက်(၄၄၇)၊ သံလျှက်မော်တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၉-၄၀၂၅၁၆၅၂၉**

## "အများသိစေရန် ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မင်္ဂလာလမ်းနှင့်အနော်မာလမ်းထောင့်၊ အမှတ်-၁၂၄/ခ၊ တစ်ခန်းတည်း(၆)ထပ်တိုက်၊ ပထမထပ်၊ (၂-လွှာ)၊ အကျယ်အဝန်း(၉၇၂)စတုရန်းပေ၊ တိုက်ခန်းနှင့်ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးဝင်းဆွေ [၁၃/ဆမန(နိုင်)၀၀၂၈၉၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစည်သူအောင် [၁၂/ဒဂန(နိုင်)၀၃၄၈၄၆]နှင့် ဒေါ်ထက်ထက်ဝင်းဝါ [၁၂/ဥကတ(နိုင်) ၁၇၈၀၅၀]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစည်သူအောင်နှင့် ဒေါ်ထက်ထက်ဝင်းဝါတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းတင့် LL.B, D.B.L,W.I.P.0 (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၅၂၈)**
**တိုက်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၄၈၈၀၂၃၊ ၀၉-၇၆၈၃၉၄၃၉၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကန်ဦးလမ်း၊ တိုက်အမှတ်(၃၉၅)၊ အခန်းအမှတ်(မြေညီ/ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၂ ၁/၂ x ၅၀)ပေရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းတွင် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူ ဒေါ်စန္ဒီမြတ်နိုး[၁၂/ဥကတ(နိုင်)၁၈၃၅၅၆]မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်သန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၆၆)**
**အမှတ်(A-3/A)၊ အရှေ့ပြည်သာရိပ်မွန်၊ အမှတ်(၂)လမ်းမကြီး၊ (၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ Ph:09-454153474**

## အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြို့မတောင်ရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ်(၃၄)လိပ်စာရှိ ခြံနှင့်ယင်းခြံမြေပေါ်ရှိ Steel Structure နှစ်ထပ်တိုက်(၁)လုံးနှင့်အကျိုးခံစားခွင့်များ၊

၂။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ ဝမ်းလှိုင်ရပ်၊ ဝမ်းလှိုင်ဘုရားရှေ့ရှိ ခြံမြေနှင့် ယင်းခြံမြေပေါ် ကျွန်းတိုင်များဖြင့်ဆောက်လုပ်ထားသော ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုး၊ ခြေတန်ရှည်အိမ်(၁)လုံးနှင့် အကျိုးခံစားခွင့်များ။

<u>**မြေအလားအလာ**</u> အရှေ့ဘက်လားသော်-ဝမ်းလှိုင်ဘုရား၊ အနောက်ဘက်လားသော်-ဝမ်းလှိုင်ရွာ၊ တောင်ဘက်လားသော်-မရိုးကန်ရွာ၊ မြောက်ဘက်လားသော်-မြောင်ဈေး။

အထက်ပါ (၁) (၂)ပါခြံမြေနှင့် ထိုတိုက်၊ အိမ်များသည် ကျွန်ုပ်၏အမှုသည် ဦးချစ်ညီညီအောင် [၁၂/လသယ(နိုင်)၀၁၉၄၈၄၊ အမှတ်(၃၄)၊ ပဒုမ္မာလမ်း၊ မြို့မတောင်ရပ်ကွက်၊ သန်လျင်]၏ ငွေဖြင့်ဝယ်ယူဆောက်လုပ်ပိုင်ဆိုင်သောပစ္စည်းများဖြစ်ပါသည်။

အထက်ပါပစ္စည်းများကို ကျွန်ုပ်၏အမှုသည် ဦးချစ်ညီညီအောင်၏ သဘောတူချက်မရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်းစသဖြင့် တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်း မပြုပါရန်နှင့် ဆောင်ရွက်ခြင်းများသည် တရားမဝင် ပျက်ပြယ်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးချစ်ညီညီအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်တင် (H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၂၉၉)**
**အမှတ်-၁၅၊ နံ့သာကုန်း(၂)လမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-429574202, 09-49574202**

## ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၁/၂) ရပ်ကွက်၊ ဒဂုံလမ်း၊ အမှတ် (၆၅၉)၊ အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ) အနက်မှ (၂၀ ပေ x ၆၀ ပေ) (ခြေရင်းခြမ်း)ရှိ ဒေါ်ရီရီမာအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဟိန်းမင်းကျော် [၁၂/ဥကမ(နိုင်)၂၀၃၂၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မြင့်မြတ် [၁၄/ကခန(နိုင်)၀၈၂၉၆၈]က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ပပခိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၆၀၇၄)**
**အမှတ် (၃၂)၊ စက်တွင်းလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၈၉၈၉၅၅၅၁**

## "အများသိစေရန် ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၅၊ လူနေရပ်ကွက်အမှတ်-၆/သံဒင်း၊ စစ်တောင်းလမ်းသွယ်၊ မြေကွက်အမှတ်-၁၀၇၈ ပါမစ်အမည်ပေါက်ဦးလှရှိန် (ISN-588831)၊ အလျား(၄၀)ပေx အနံ(၆၀) ပေရှိမြေကွက်အတွင်းမှ တရားဝင်ခွဲစိတ်ထားခြင်းမရှိသေးသည့် အလျား(၂၀)ပေxအနံ(၆၀)ပေရှိ (ခြေရင်းဘက်ခြမ်း) မြေကွက်နှင့် မြေကွက်အမှတ်-၁၀၇၉၊ ပါမစ်အမည်ပေါက် ဦးကျော်မြင့် [၁၂/မရက(နိုင်) ၀၄၄၂၃၉]၊ အလျား(၄၀)ပေx အနံ(၆၀)ပေရှိ မြေကွက်အတွင်းမှ တရားဝင်ခွဲစိတ်ထားခြင်းမရှိသေးသည့် အလျား(၂၀)ပေx အနံ(၆၀)ပေရှိ(ခေါင်းရင်းဘက်ခြမ်း) ရှိမြေကွက်၊ အဆိုပါမြေကွက်(၂)ကွက်နှင့်ယင်းမြေပေါ်ရှိအကျိုးခံစားခွင့်များအား စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိသူဖြစ်သော ဒေါ်ယမင်းထွန်း[၁၄/မအန(နိုင်)၁၅၀၄၀၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုမြတ်ထွေး[၁၂/အစန(နိုင်) ၀၄၄၉၆၅]က အပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုမြတ်ထွေး၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စန်းစန်းတင့် LL.B, D.B.L,W.I.P.O (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၂၈)**
**တိုက်(၁၆၅)၊ ပထမထပ်(၃၈)လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၄၈၈၀၂၃၊ ၀၉-၇၆၈၃၉၄၃၉၃**

## အမည်ပြောင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်နေ(ဘ) ဦးအောင်ဇေယျာမင်း [၆/သရခ(နိုင်)၀၆၅၆၆၄]၏သား မောင်မြတ်ဇေယျာကောင်းအား မောင်မြတ်ဇေယျာစံဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄-ဒီ)၊ မြေကွက်အမှတ်-၁၃၅A-၂/၂၆၊ ဧရိယာ(၀.၂၇၇)ဧက၊ မြေကွက်တည်နေရာအမှတ် (၅၀)၊ ဗဟိုလမ်း၊ ပြည်အနောက်ရပ်ကွက်၊ ဦးချစ်လှိုင်(AA-038382)၊ ဒေါ်သန်း(AA-038381)၊ ဂရန်ရှိ မြေပိုင်မြေမြေအား မြေအမည်ပေါက်နှစ်ဦးအနက်တစ်ဦးဖြစ်သူ ဒေါ်သန်းမှ (၁၉-၅-၂၀၀၅)ရက်နေ့တွင် အပျိုကြီးဘဝဖြင့်လည်းကောင်း၊ ဒေါ်မြစိန်မှ (၁-၃-၁၉၈၈)ရက်နေ့တွင် အပျိုကြီးဘဝဖြင့်လည်းကောင်း အသီးသီးကွယ်လွန်၍ ဂရန်အမည်ပေါက် တစ်ဦးဖြစ်သူ ဦးချစ်လှိုင်မှ အရောင်းစာချုပ် အမှတ်-၃၃၉/၁၉၆၅ (၅-၈-၁၉၆၅)နှင့် အမည်ပေါက်ပြောင်းလဲခြင်းမှတ်တမ်း၊ စွန့်လွှတ်စာချုပ်အမှတ်-၆၁၂/၁၉၈၃ (၂-၈-၁၉၈၃) နှင့် အမည်ပေါက်ပြောင်းလဲခြင်းမှတ်တမ်း၊ မြေကွက်ကြီး-၁၃၅A/၂၆ ထဲမှ ၁၃၅A-၁/၂၆ နှင့် ၁၃၅A-၂/၂၆ဟု ခွဲထုတ်ခဲ့သည်ကိုသိရှိကြောင်းဖော်ပြထားသည့် အမွေဆက်ခံပိုင်ဆိုင်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်(မြေပုံကူး)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**(ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ မြေကွက်အမှတ် (၂၂)၊ မြေကွက်တည်နေရာအမှတ် (၂၂)၊ ဓမ္မရာဇာ (၁၁)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးကျင်မောင် [၁၂/ဥကတ(နိုင်)၀၈၄၈၅၄]၊ ဦးသောင်းရွှေ [၁၂/ဥကတ(နိုင်)၀၈၅၃၈၇]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျင်မောင်၊ ဦးသောင်းရွှေတို့အား တရားပြိုင်ထား၍ တရားလို ဒေါ်ခိုင်ညွှာလင်းမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် စွဲဆိုပေးခဲ့သည့် နှစ်(၆၀)ဂရန် မြေကွက်ကြီးမှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းဘက်ခြမ်း၊ အလျား (၂၀) ပေx အနံ (၆၀) ပေကို တောင်ဥက္ကလာပမြို့နယ် တရားမကြီးမှုအမှတ်- ၄၁/၂၀၂၂(၂၁-၁၀-၂၀၂၂)၏ စီရင်ချက်၊ တရားမ ဇာရီမှုအမှတ် - ၅၈/၂၀၂၂ (၁၀-၁-၂၀၂၃)၏ အမိန့်တို့အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်နန့်ဆန်းသိန်း [၁၂/မရက (နိုင်)၀၄၇၆၁၆]မှ ဘီလစ်ခန့်စာတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် (Portion) မြေပုံကူးလျှောက်ထားမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## "ဖခင်အမည်မှန်"

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၊ ရွှေပြည်စိုးကျေးရွာ၊ အထက-၂ ကျောင်းမှ မကျော့ဖူးခိုင် (Grade-4)၏ ဖခင်အမည်မှန်မှာ ဦးနေညီညီဦး [၆/ကသန(နိုင်) ၀၄၉၁၁၀]ဖြစ်ပါကြောင်း။

**နေညီညီဦး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဟိန်းထက်ဇော် [၁၂/သလန(နိုင်)၁၃၂၉၈၆] ပင်လယ်ပြင်လုပ်သက်အတည်ပြုချက် စာမူရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၈၀၄၈၃၁၉**

## အများသိစေရန် ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်လွင်[၇/ဝမန(နိုင်)၀၇၇၂၇၀]နှင့် ဒေါ်မေဝါလှိုင်[၇/ဝမန(နိုင်)၀၈၁၂၁၁] တို့သည် ၂၀၀၈ ခုနှစ်၌ နှစ်ဦးသဘောတူလက်ထပ်ခဲ့ကြပြီး ပေါင်းသင်းနေထိုင်လာခဲ့ကြရာ သမီးနှစ်ယောက် ထွန်းကားခဲ့ပါသည်။ ယခုအခါ ဒေါ်မေဝါလှိုင်သည် ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်လွင်၏ ပြောဆိုဆုံးမစကားများကို နားထောင်လိုက်နာခြင်းမရှိဘဲ၊ ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်လွင်သိရှိခြင်းမရှိဘဲ မိမိသဘောဖြင့် လောင်းကစားများကို ပြုလုပ်နေပါသဖြင့် နောက်နောင်တွင် ဒေါ်မေဝါလှိုင်နှင့် ပတ်သက်သော ငွေကြေးကိစ္စမှစ၍ မည်သည့်ကိစ္စရပ်အဝဝကိုမျှ ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်လွင်မှ လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်လွင် [၇/ဝမန(နိုင်)၀၇၇၂၇၀]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုဝေဖြိုး (LL.B, D.I.P.L) WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၆၉၉)**
**အမှတ်(၆၉) ကွန်ဒို၊ ဗိုလ်တထောင်ဈေးလမ်း၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- 09-5098703, 09- 421006905**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကျွန်တော်တို့မိတ်ဆွေတစ်ဦးက တရားဝင်ပိုင်ဆိုင်ရောင်းချခွင့် ရှိသည်ဟုဝန်ခံပြောဆိုကြသည့် (၁)ဒေါ်ဖြူဖွေးစံလင်း နိုင်ငံသားမှတ်ပုံတင်အမှတ် [၇/ကတခ(နိုင်)၁၁၄၉၈၃]၊ (၂)ဒေါ်ဖြူစင်သန့်စံလင်း နိုင်ငံသား မှတ်ပုံတင်အမှတ် [၇/ကတခ(နိုင်)၁၂၁၀၉၂] တို့နှစ်ဦးထံမှ အမှတ် -၇၃၊ စတုတ္ထထပ်၊ (၅)လွှာ၊ ရေကျော်လမ်းမကြီး၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ် ဟုခေါ်တွင်သည့် (၈)ထပ် အဆောက်အဦ၏ YMBA ဘက်အခြမ်း (၁၉ပေ x ၄၈ပေ) အကျယ်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အားလုံးတို့ကို အပျောက်စနစ်ဖြင့် အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့် နေ့မှ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းအပြည့်အစုံဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ကျန်ငွေပေးချေတိုက်ခန်းလက်ရောက်ရယူအပြီးသတ်စာချုပ်ချုပ်ဆိုသွားမည်ဟု အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဦးစိန်မြင့် (စဉ်-၁၀၉၁၆)** **ဦးရွှေ(စဉ်-၅၅၉၃၈)**
**အထက်တန်းရှေ့နေများ**
**အမှတ်-၂၀၃၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊(၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁၈ ၃၇၇၄၀၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ လူနေရပ်ကွက်အမှတ် (ဗိုလ်ထွန်းဇံ)၊ မြေကွက်အမှတ် (က/၁၃၆)ပေါ်ရှိ ယခုအခေါ်အမှတ်-၈/ခ၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်ဟုခေါ်တွင်သော (အလျား ၅၀ပေxအနံ ၂၅ပေ)ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ (၃ ၁/၂) ထပ်တိုက်၏ ၄-လွှာ(ဘယ်)၊ အကျယ်အဝန်း (၁၂ပေx၅၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် စွဲကပ်တပ်ဆင်ထားသော ရေ၊ မီးအစုံအလင် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ယခုရောင်းချသူ ဦးဝေယံလင်း [၁၂/ဥကတ (နိုင်) ၁၉၅၆၇၁]မှ စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိသာလျှင် တရားဝင်လက်ရောက်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုးသိင်္ဂီ [၁၂/တကန (နိုင်) ၁၈၁၈၀၁] ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဝင်းဇော်ထွန်း LL.B, D.B.L, DL (101), PCT, WIPO (SWITZERLAND)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၈)**
**တိုက်အမှတ် (၁၆၉)၊ ၃-ဘီ၊ ရန်ကုန်-အင်းစိန်လမ်း၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၁၅၇၈၆၄**

## "အိမ်ခြံမြေဝယ်ယူမည်" ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ၁၆ - ရပ်ကွက်၊ မြဝတီမင်းကြီးလမ်းသွယ် - ၄၊ အမှတ် - ၆၈၁ ဟု ခေါ်တွင်သော ဦးတင်အေးအမည်ပေါက်၊ ဂရန်မြေ၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)၊ အိမ်ခြံမြေ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးဝင်းနိုင် [၁၂/ဥကတ(နိုင်)၀၇၀၀၈၈] က ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဒေါ်စင်သီယာခင်စိုး [၁၂/ဥကမ(နိုင်) ၁၉၀၇၁၄] မှလည်း ဝယ်ယူရန်အတွက် အိမ်ခြံမြေရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ စရန်ငွေများကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အိမ်ခြံမြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးစည်သူကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၅၂၇)**
**အမှတ် (ရ/၁၄)၊ မေတ္တာလမ်း၊ တိုးချဲ့ (၄) ရပ်ကွက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၄၆၀၂၁၄၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၆)၊ မြေကွက်အမှတ်(၅၃၇/ခ)၊ ခါတော်မှီ(၂) လမ်း၊ ဦးသန်းဌေးဂရန်အမည်ပေါက်မှ ပေ(၁၀x၆၀)ပေမြေကွက်ရှိ ယင်းမြေကွက်ပေါ်မှ ဆောက်လုပ်ထားသောနေအိမ် အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးရဲထွန်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းမူ[၆/လလန(နိုင်)၀၀၅၀၁၇]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းမူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာခြည်သက်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၁၇၈)**
**ဖုန်း-၀၉-၄၄၀၉၈၆၁၄၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဒ/၆၃)၊ လူနေရပ်ကွက်အမှတ်(အပိုင်း-၅)၊ မြေကွက်အမှတ်(၂၃၅၁) ဟုခေါ်တွင်သော ပါမစ်မြေပိုင်ရှင်အမည်ပေါက်(ဗိုလ်မှူး မြဝင်း-MGE-15108) အမည်ပေါက် ထွက်ရှိထားသည့် သုခ(၉)လမ်းတွင်တည်ရှိသော အကျယ်အဝန်းအားဖြင့် အလျား(၄၀)ပေ x အနံ(၆၀)ပေ အသီးသီးရှိကြသော ပါမစ်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ ပတ်သက်ဆက်စပ်တွယ်ကပ်ပါရှိသော မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိလက်ဝယ်ထား ပိုင်ဆိုင်ထားသည့် ဦးဝေဖြိုး [၈/တတက(နိုင်)၂၀၁၀၁၆] မှ အရပ်စာချုပ်စာတမ်း အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိလက်ဝယ်ထားရောင်းချပိုင်ခွင့်ရှိပြီး အမွေစားအမွေခံမှစ၍ အမှုခင်းအရှုပ်အရှင်း ကင်းရှင်းပါကြောင်း ပါမစ်မူရင်းနှင့်တကွ ဆက်စပ်စာချုပ်စာရွက်စာတမ်းများ မှန်ကန်ပါကြောင်း လက်ရှိလက်ဝယ်ထားပိုင်ဆိုင်ပြီး လူနေမှဲ့အနေအထားဖြင့် လွှဲပြောင်းရောင်း ချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခင်ညိုမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် (၂၃-၄-၂၀၂၄) ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ၎င်းပါမစ်မြေကွက်၏ မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော (မူရင်း)စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သဲနုဝင်း LLB.,DBL**
**အထက်တန်းရှေ့နေ (စဉ်-၄၅၅၇၇/၂၆-၁-၂၀၁၅)**
**အမှတ် - ၆၀(B-2)၊သီရိလမ်း၊ ၂ - ရပ်ကွက်၊လှိုင်မြို့နယ် ရန်ကုန်မြို့။**
**ဖုန်း-၀၉ - ၄၅၀၀၄၆၆၈၆၊ ၀၉-၄၀၁၁၅၄၆၀၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၁)လမ်း၊ တိုက်အမှတ်(၅၈၀)ပေါ်တွင်ဆောက်လုပ်ထားသော နှစ်ခန်းတွဲ၆ထပ်တိုက်၏ စတုတ္ထထပ် ၅ လွှာတိုက်ကို မျက်နှာမူသော ဘယ်ဘက်ခြမ်း(ခြေရင်းခန်း)အကျယ်အဝန်း(၁၉ပေ x ၅၄)ပေရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးရဲထက်အောင်[၇/ပတတ(နိုင်) ၁၁၉၈၂၃]က မိမိတစ်ဦးတည်းတရားဝင်ပိုင်ဆိုင်၍အရှုပ်အရှင်းကင်းပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးမျိုးမင်းထွန်း၊ ဒေါ်သန်းသန်းနွယ်တို့မှ အဆိုပါ တိုက်ခန်းကိုအပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးမင်းထွန်း-ဒေါ်သန်းသန်းနွယ်တို့၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြင့်သူလှိုင်(ခ)ဒေါ်မြင့်မြတ်ချို**
**(LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ၊ (စဉ်-၁၁၃၂၀/၂၀၁၆)**
**အမှတ်-၁၆၈၊ အောင်ဇေယျာလမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-09-445637304**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြို့သစ်(က)၊ မြေကွက်အမှတ် ၅၅၇/က ဧရိယာ (၁၂၀၀)စ/ပေ မြေကွက်တည်နေရာ အမှတ် (၁၃၅/က)၊ က-၆လမ်း၊ မြို့သစ် (က+ခ) ရပ်ကွက်၊ အင်းစိန် ဒေါ်ကြွေ [၁၂/အစန (နိုင်) ၀၃၅၇၈၇] အမည်ပေါက် နှစ် (၆၀) မြေငှားဂရန် မြေအား အမည်ပေါက် ဒေါ်ကြွေ (မိခင်)သည် (၁၆-၄-၂၀၀၃) ရက်နေ့တွင်လည်းကောင်း၊ ဦးတင်အေး (ဖခင်) သည် (၁၃-၂-၁၉၇၀)ရက်နေ့တွင် လည်းကောင်း၊ အသီးသီးကွယ်လွန်သဖြင့် ဒေါ်သန်းသန်းအေး [၁၂/အစန(နိုင်) ၁၃၅၈၀၀]မှ တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသော မွေးချင်းတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ကိတ္တိမသား/သမီးအဖြစ်လည်း မွေးစားထားခဲ့ခြင်း မရှိပါကြောင်း၊ ၎င်းတို့သည် ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ကြသည့်အားလျော်စွာ ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အားလုံးတို့အား မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေ အရ ၎င်းတစ်ဦးတည်းကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံပိုင်ဆိုင်မည့်သူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ် - ၃၀၉၉/၂၀၂၃ (၂၈-၆-၂၀၂၃)၊ ထပ်ဆင့် ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ သေဆုံးမှုလက်မှတ်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြပြီး ဒေါ်သန်းသန်းအေးထံမှ GP အမှတ်- ၅၃၉၇/၂၀၂၃ (၂၁.၃.၂၀၂၃) ဖြင့်ရသူ ဦးအောင်စောနိုင် [၁၁/စတန (နိုင်) ၀၆၁၃၃၂] မှ GP ပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ၎င်းGPမရုပ်သိမ်းသေးကြောင်း တရားရုံးကျမ်းကျိန်လွှာ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး( ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## သင်ကြားရေးနှင့်အထွေထွေရောဂါကုဆေးရုံကြီး-အင်းစိန်
## ဆေးရုံအုပ်ကြီးရုံး
**ဖုန်း- ၀၁ ၃၆၄၀၁၃၂၊ ၀၁ ၃၆၄၀၅၂၃၊ ဖက်(စ်)- ၀၁ ၃၆၄၀၅၂၃**

## အိတ်ဖွင့်တင်ဒါကြော်ငြာခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ အင်းစိန်အထွေထွေရောဂါကု ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေကြသော လူနာများအတွက် အသုံးပြုရန်လိုအပ်သည့် FDA အသိအမှတ်ပြုဆေးဝါးများ၊ Specialityဆေးဝါးများ၊ ခွဲတတ်မှန်ခန်းသုံးဆေးပစ္စည်းများ၊ ခွဲတတ်ခန်းသုံး ဆေးပစ္စည်းများ၊ Oxygenနှင့် Basic consumableများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါအား ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

